# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၈၉)


# (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ကုသိုလ်ပြုအမျှပေးဝေ

**နေပြည်တော် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိ ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ

စာမျက်နှာ-၆

## အာဇာနည်နေ့အခမ်းအနားမှသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာပြည်ငြိမ်းချမ်းစေချင်

စာမျက်နှာ-၈




မြန်မာ့အလင်း

# မျက်မှောက်ကမ္ဘာ လူသားအားလုံး ကျင့်သုံးအပ်သည့်တရား

ယခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့သည် ဝါဆိုလပြည့်နေ့နှင့်လည်း တိုက်ဆိုင်သည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သည့်အလျောက် ဝါဆိုလပြည့် ဗုဒ္ဓနေ့ဟုလည်း အမှတ်သညာပြုကြသည်။ ဝါဆိုလပြည့်နေ့တွင် ဂေါတမဗုဒ္ဓဘုရားအလောင်းတော်ပဋိသန္ဓေတည်ခဲ့သည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားတောထွက်တော်မူခဲ့သည်။ ဓမ္မစကြာတရားဦးကို ပဉ္စဝဂ္ဂီတို့အားဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓေါ် လောကေသမုပ္ပန္နော၊ ဟိတာယသဗ္ဗပါဏိနံ-ဟူသောပါဠိတော်နှင့်အညီ ဗုဒ္ဓဘုရားရှင်သည် အလုံးစုံသောဝေနေယျသတ္တဝါတို့၏အကျိုးစီးပွားအလို့ငှာ ဤလောက၌ ပွင့်တော်မူရခြင်း ဖြစ်သည်။

အာဇာနည်နေ့သည် မြန်မာ့သမိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူတို့ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းစဉ် မသမာသူလူတစ်စု၏ အကြမ်းဖက်မှုကြောင့် အမျိုးသားခေါင်းဆောင်ကြီးများ အသက်စွန့်ခဲ့ရသည့်ဖြစ်ရပ်ဆိုးကြီးကြောင့် ပေါ်ပေါက်ခဲ့ရသောနေ့တစ်နေ့ ဖြစ်သည်။ အဆိုပါဖြစ်ရပ်ဆိုးကြီးပေါ်ပေါက်ခဲ့ရသည့် အကြောင်းရင်းကို နိုင်ငံရေးရှုထောင့်မှမကြည့်ဘဲ သစ္စာတရားရှုထောင့်မှ ကြည့်မြင်မည်ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော စိတ်ဆိုး၊ စိတ်ယုတ်တို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း သိမြင်နိုင်မည် ဖြစ်သည်။

ယနေ့ကမ္ဘာတစ်ခွင်ကိုကြည့်မည်ဆိုလျှင်လည်း ပစ်ခတ်မှု၊တိုက်ခိုက်မှု၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတို့ဖြင့် တုန်ယင်လှုပ်ခါနေသည့် မြင်ကွင်းများကိုတွေ့မြင်ကြရမည်။ လောလောလတ်လတ်မှာပင် ဂျာမနီနိုင်ငံ၌ ဆယ်ကျော်သက်အရွယ်လူငယ်တစ်ယောက်က ရထားတစ်စင်းပေါ်တွင် လိုက်ပါလာသူများကို ဓား၊ ပုဆိန်တို့ဖြင့် ထိုးခုတ်တိုက်ခိုက်သည့်သတင်း၊ ပြင်သစ်နိုင်ငံ နီးစ်မြို့တွင် အမျိုးသားနေ့ကျင်းပစဉ် လူအုပ်အတွင်း ကုန်တင်ကားဖြင့် လိုက်တိုက်သတ်ဖြတ်သဖြင့်လူ ၈၄ ဦးသေဆုံးခဲ့ရသည့်သတင်း၊ အမေရိကန်နိုင်ငံတွင် လူဖြူရဲများ ပစ်ခတ်သတ်ဖြတ်ခံရသည့်သတင်း စသည်ဖြင့်...။

သဗ္ဗော လောကော အန္ဓိဘူတော-လောကအလုံးသည် ကန်းနေ၏။

သဗ္ဗော လောကော ပကမ္ပိတော-လောကအလုံးသည် တုန်လှုပ်ချောက်ချားနေ၏။

သဗ္ဗော လောကော ပဇ္ဇလိတော-လောကအလုံးသည် မီးဟုန်းဟုန်းတောက်လောင်နေ၏ ဟူ၍ မြတ်ဗုဒ္ဓက ဟောတော်မူခဲ့သည်။

သူကစတင်သတ်ဖြတ်သဖြင့် ကိုယ်က တုံ့ပြန်သတ်ဖြတ်ခြင်း၊ သူကစတင်အကြမ်းဖက်သဖြင့် ကိုယ်ကပြန်၍ အကြမ်းဖက်ခြင်း၊ သူက ညှဉ်းပန်းနှိပ်စက်သဖြင့် ကိုယ်ကတန်ပြန်ညှဉ်းပန်းနှိပ်စက်ခြင်းတို့ဖြင့် အဆိုးသံသရာတို့ အထပ်ထပ်လည်စေခဲ့၊ လည်နေမြဲဖြစ်သောကမ္ဘာကို မိမိတို့မျက်မှောက်ပြုနေကြရသည်။ အမှန်တရားကိုမမြင်နိုင်ဘဲ ကန်းနေကြရသည်။ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်းတို့ဖြင့် တုန်လှုပ်ချောက်ချားနေကြရသည်။ ငြိမ်းချမ်းမှုမရနိုင်ဘဲ မီးဟုန်းဟုန်းတောက်လောင်ကျွမ်းနေကြရသည်။ အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို မလွှတ် တမ်းဆုပ်ကိုင်ထားကာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းစေခြင်းဖြင့် ငြိမ်းအေးချမ်းသာခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်ရမည်ဖြစ်သည်။

ရန်ငြိုးမှန်သမျှကို တုံ့ပြန်ခြင်းဖြင့် ဖြေဖျောက်၍မရနိုင်၊ ရန်ငြိုးမှန်သမျှကို မေတ္တာခန္တီခွင့်လွှတ်ခြင်းတို့ဖြင့်သာ ဖြေဖျောက်နိုင်ရာ၏။ ဆူပူသောင်းကျန်းခြင်းကိုမေတ္တာဖြင့်ငြိမ်းချုပ်စေရာ၏။ ဒေါသကို မေတ္တာဖြင့်ငြိမ်းချုပ်စေရာ၏။ ကြမ်းတမ်းခြင်းကို ယဉ်ကျေးသိမ်မွေ့ခြင်းဖြင့် ပြောင်းလဲစေရာ၏၊ ဆူပူကြမ်းတမ်းခြင်းကိုအကြမ်းဖက်ခြင်းဖြင့် မငြိမ်းချမ်းစေနိုင်။ ဆူပူခြင်း၊ ကြမ်းတမ်းခြင်း၊ ရက်စက်ခြင်း၊ ဖျက်ဆီးခြင်းတို့ကို မေတ္တာ-ခန္တီ-အဟိံသ-သစ္စာတရားတို့ဖြင့် ငြိမ်းချမ်းစေရာ၏။

ဤသည်မှာ မိမိတို့မျက်မှောက် ကမ္ဘာတွင် ရင်ဆိုင်နေကြရသော အမျက်ဒေါသ ရန်မီးများကို ငြိမ်းစေမည့် ကမ္ဘာဦးတရားပင်ဖြစ်သည့်အလျောက် လူသားအားလုံးတို့ ကျင့်သုံးအပ်သော ဓမ္မတရားလည်း ဖြစ်ပါသည်။ “ဓမ္မ” ထွန်းကားအားကောင်းသည်နှင့်အမျှ “အဓမ္မ” ဟူသည် ပါးလျချုပ်ငြိမ်းမည်သာ ဖြစ်သည်ဟူ၍ မျှဝေအပ်ပါကြောင်း။ ။



## ညောင်ဦး၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ

**ညောင်ဦး ဇူလိုင် ၁၉**

ညောင်ဦးတွင် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ရက် နံနက် ၈နာရီက ညောင်ဦးမြို့ အာဇာနည်ကျောက်တိုင်ကွင်းအတွင်း၌ ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပြည်သူများ တက်ရောက်၍ အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နံနက် ၁၀နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အောက်မေ့သတိရသည့်အနေဖြင့် နှစ်မိနစ်ငြိမ်သက်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများမှ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က မူဆယ်မြို့ မဟာဝန်တိုက်(မြောက်ကျောင်း)၌ ကျင်းပစဉ်။
အယ်လ်စိုး(ပြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

## အထက(၁)ကျောင်းလမ်းကြားက အမှိုက်ပုံ ရှင်းလင်းပေးစေလို

ကချင်ပြည်နယ် ရွှေကူမြို့၏ သန့်ရှင်းသာယာလှပရေးနှင့် ကျန်းမာရေးညီညွတ်သောပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် မြို့နယ်စည်ပင်သာယာမှ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသော်လည်း ရွှေကူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းလမ်းကြားမှ အမှိုက်ပုံကို ယနေ့အထိ သိမ်းဆည်းခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံမှ အနံ့ဆိုးကိုရှူရှိုက်၍ နေ့စဉ်ဖြတ်သန်းသွားလာနေကြရသော ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ကျောင်းလမ်းကြားမှ ယင်းအမှိုက်ပုံကို အမြန်ဆုံးဖယ်ရှားပေးရန်နှင့် စည်ပင်အမှိုက်ပုံးများချထားပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**



### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၁.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၂ |
| တရုတ် | တစ်ယွမ် | ၁၇၅.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၇၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့စာမျက်နှာမှ

ယင်းနောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာတရား နာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ဧည့်ပရိသတ်များ နိုင်ငံတော်ဩဝါဒါစရိယ အဘိဇဓမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်** (သတင်းစဉ်)

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်



**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ယင်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

# (၆၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ပျဉ်းမနားမြို့၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

(၆၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ(ရှမ်းကန်)အနီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့ ဥယျာဉ်တွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချကာ အလေးပြုကြသည်။

ယင်းနောက် နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်နေ့အမှတ်တရ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းဟောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း စသည့် အာဇာနည်နေ့ အောက်မေ့ဖွယ်ရာကိစ္စရပ်များကို ဆောင်ရွက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## အာဇာနည်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ဓမ္မရောင်ခြည်ဓမ္မဒါန ဖောင်ဒေးရှင်းမှ ဓမ္မရောင်ခြည် ပရဟိတလူငယ်အဖွဲ့ဝင်များနှင့် စေတနာသွေးလှူရှင် ၅၄၇ ဦး၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် ၇၃/၇၉ (၁၁) ရှေ့ရှိ E.M.A ပုညကုသလဗဟုတရ အသင်းဝင်များနှင့် စေတနာသွေးလှူရှင် ၂၇၀ စုစုပေါင်း သွေးလှူရှင် ၈၁၇ ဦးတို့သည် ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီခွဲထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းကြရာတွင် အမျိုးသားသွေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးလှူဒါန်းနိုင်မှု ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးခြင်းတို့ကို နားရက်မယူ စနစ်တကျဆောင်ရွက်ပြီး သွေးများလက်ခံရယူခဲ့ကြောင်း သိရသည်။ **ကိုချစ်**

## (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

**သဲကုန်း ဇူလိုင် ၁၉။** ။(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ပိတောက်လမ်းရှိ အာဇာနည်ကျောက်တိုင်ရှေ့၌ ဇူလိုင် ၁၉ ရက်နံနက် ၉ နာရီခွဲက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေချ အလေးပြုခြင်း၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ် ခေတ္တငြိမ်သက်၍ ဂုဏ်ပြုခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❀ *ကျောဖုံးမှ*

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက် အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြု ခရာမှုတ်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးလှဖေ၊ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချ အလေးပြုကြပြီး လက်အုပ်ချီမိုးရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် (၆၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာ

*စာမျက်နှာ ၅ သို့*



ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခြင်းချကာ ကန်တော့စဉ် (သတင်းစဉ်)




ဦးဘဝင်း ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ် (သတင်းစဉ်)



ဒီးဒုတ်ဦးဘချို ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ် (သတင်းစဉ်)



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မိသားစုများ လွမ်းသူ့ပန်းခွေချ၍ ကန်တော့စဉ် (သတင်းစဉ်)



သခင်မြ ဂူဗိမာန်၌ သခင်မြ ၏မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

နိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ယင်းနောက် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်ကို နိုင်ငံတော်အစိုးရသစ်က ယခင်နှစ်များနှင့်မတူဘဲ အာဇာနည်ဗိမာန် အပေါ်ထောင့်ရှိ ကြယ်ဖြူကြီးနေရာတွင် မူလကြယ်ပုံသဏ္ဌာန်အပေါက်ဖောက်၍ ကြွေလွင့်သွားသောကြယ်သည် ပန်းခြံအတွင်း ကျရောက်နေသည့် ပုံဖော်မှုနှင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ ဂူဗိမာန်များအပေါ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးရာဇဝင်များအား ကြေးပြားပေါ်၌ ကမ္ပည်းရေးထိုးထားမှုအပါအဝင် အကြီးစားပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ထားသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်ပန်းခြံအဝင်လမ်းနှင့် အများပြည်သူအဝင်လမ်းတို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့်မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ Graphic ပုံရိပ်များကိုလည်း အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ယခုနှစ်တွင် ထူးခြားစွာ ပြင်ဆင်မွမ်းမံထားသည်။

**(သတင်းစဉ်)**



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးလှဖေ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



ဦးရာဇတ် ဂူဗိမာန်၌ ဦးရာဇတ်၏မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



မန်းဘခိုင် ဂူဗိမာန်၌မန်းဘခိုင်၏မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ် (သတင်းစဉ်)



မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင်၏မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ် (သတင်းစဉ်)



ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)

ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်အဖွဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် (သတင်းစဉ်)



ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် (သတင်းစဉ်)



# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှအဖွဲ့များသည် ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူ၊ အစ္စလာမ် ဓမ္မဗိမာန်ဦးဆောင်ဆော်သြရေးမှူး အယ်လ်ဟာဂျ် ဦးအေးလွင်၊ ဂျူးဘာသာခေါင်းဆောင် ဦးဆယ်မီ၊ ဗဟာအီသာသနာရေးအဖွဲ့ချုပ်အဖွဲ့ဝင် ဦးကြည်ဝင်းနှင့် ရန်ကုန် ကက်သလစ်သာသနာ့ဂိုဏ်းချုပ် ဆရာတော် ကာဒီနယ် ချားလ်စ်ဘိုတို့က မေတ္တာစကားပြောကြားကြပြီး ကိုးကွယ်ရာဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဆရာ ဦးကျော်ညွန့်က ကောင်းချီးမင်္ဂလာမျှဝေသည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(ယာပုံ)**



ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံညီလာခံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် (၆၉)နှစ်မြောက် အာဇာနည်နေ့အမှတ်တရစကားများ



ဒေါ်အောင်ဆန်းစုကြည်



ဦးမြင့်ဆွေ



မန်းဝင်းခိုင်သန်း



ဦးဝင်းမြင့်



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## တွေ့ဆုံ မေးမြန်းသူ - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် ၊ နံနက် ၁၀ နာရီ ၃၇ မိနစ်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တစ်ခွင် နေသာသော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ် နီးခါမှ ပဇ္ဇုန်မိုးကလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရွာသွန်းဖြိုးလာပြန်ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဥသြဆွဲသံများ၊ မော်တော်ယာဉ်နှင့် ရေယာဉ်တို့မှ ဟွန်းတီးသံများ၏ မြည်ဟည်းမှုနှင့်အတူ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို တစ်နိုင်ငံလုံးရှိ ပြည်သူအပေါင်းက ရောက်ရာနေရာများမှ ဦးညွှတ်အလေးပြုလျက်ရှိချေပြီ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း အဆိုတော် မေလှမြိုင်၏ "နှစ်လ ရာသီ ခါရာသီ ရွှေ့ပေမယ့် ... အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကောင်းရာသုဂတိသို့ရောက်ရှိကြပါစေ ..."ဟူသည့် "အလေးပြုပါတယ်လေ"သီချင်းသံများကလည်း မြန်မာပြည်သူတို့၏အလွမ်းဓာတ်ကို အသစ်တစ်ဖန်နှိုးဆွနေပြန်ပါသည်။

ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ နိုင်ငံတော်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ တက်ရောက်ဦးညွှတ် ဂါရဝပြု၊ အလေးပြုခဲ့ကြသည်။

မြန်မာပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် (၆၉)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရ စကားများကို မြန်မာ့သတင်းစဉ်က မေးမြန်း၍ ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။

**အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

အမေ့ရဲ့စိတ်ထဲမှာ အာဇာနည်နေ့အတွက် အမှတ်တရစကားဆိုတာ ပြည်သူတွေရဲ့ နှလုံးသားက ပေါ်ထွက်လာတဲ့ စကားသံတွေပါပဲ။ အမေကပြောဖို့မလိုပါဘူး၊ ပြည်သူတွေကသာ ပြောဖို့ ဖြစ်ပါတယ်။

**(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ**

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးရှိပါတယ်၊ ဒီအာဇာနည်ခေါင်းဆောင်ကြီးတွေကြောင့် လွတ်လပ်ရေးရခဲ့တာပါ၊ ဒါကိုဘယ်တော့မှ မမေ့တဲ့အနေနဲ့ သတိတရဂါရဝပြုတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီအချိန်ကတော့ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရရှိဖို့ တည်ဆောက်နေတဲ့အချိန်ဖြစ်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေတုန်းကလည်း လုပ်ဆောင်ခဲ့တဲ့ ပင်လုံညီလာခံကို ယနေ့ဆောင်ရွက်နေတဲ့ အနေအထားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ နိုင်ငံငြိမ်းချမ်းရေးရပြီး တိုင်းသူ ပြည်သားတွေအားလုံးတိုးတက်မှုအတွက် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုလည်း မကြာခင်မှာ ရရှိတော့မယ်လို့ ယုံကြည်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်**

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မူဝါဒချမှတ်ခဲ့တာရှိပါတယ်၊ ဒါကတော့ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ဆီလျော်တယ်၊ ဒီဝါဒသာငြိမ်းချမ်းရေးကို အားပေးတယ်၊ ဒီလိုမိန့်မှာခဲ့ပါတယ် ၊ ဒါကြောင့်မို့လို့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ နဂိုကတည်းက နိုင်ငံတော်ရဲ့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့မူနဲ့အညီ ကျွန်တော်တို့အနေနဲ့ ပန်းတိုင်ကိုရောက်ရှိဖို့အတွက် တက်ညီလက်ညီနဲ့ အမျိုးသားရင်ကြားစေ့ရေးကို အခြေခံပြီးတော့ အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်အဘိုးရဲ့တိုင်းကျိုးပြည်ပြုဖော်ဆောင်တဲ့လုပ်ငန်းကို ဆက်ပြီးလုပ်ကိုင်ခွင့်ရလို့ အများကြီးဝမ်းသာပါတယ်၊ တိုင်းပြည်ကောင်းစားအောင်ရယ်၊ တိုးတက်အောင်ရယ် လုပ်ဆောင်သွားဖို့ ရည်မှန်းချက်တွေရှိပါတယ်၊ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်သွားမယ်လို့ ပြောကြားလိုပါတယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးတွေကို မမေ့ဖို့၊ တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို အားလုံးစည်းစည်းလုံးလုံးလုပ်ကြဖို့၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကိစ္စတွေကို တိုင်းသူ ပြည်သားတွေအနေနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြဖို့ ပြောချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မွေးစားသား ဦးရဲမြင့်အောင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေ ဆောင်ရွက်ခဲ့ပုံနဲ့ စိတ်ဓာတ်တွေကို ဆက်လက်ပြီး ထိန်းသိမ်းထားဖို့လိုပါတယ်၊ အာဇာနည် စိတ်ဓာတ်ဆိုတာ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်၊ နောင်မျိုးဆက်တွေ တိုင်းပြည်အကျိုးကို ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးကြပါလို့ ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ် ဦးဘချို၏ မြေး ဦးသန့်စင်ချို**

အခု ဒီမိုကရေစီ လမ်းကြောင်းပေါ်ရောက်နေတဲ့ အချိန်မှာ လမ်းကြောင်းက သွေဖည်မသွားအောင် အားလုံးသတိရှိရှိနဲ့ ကြိုးစားပြီးအလုပ်ကို လုပ်ကြဖို့၊ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ပင်ပန်းတယ်လို့သဘောမထားဘဲ ကျရာနေရာမှာ ကြိုးစားပြီး ဝိုင်းဝန်းလုပ်ကြဖို့ လိုပါတယ်၊ မျိုးဆက်သစ်တွေအနေနဲ့ အခုလိုအာဇာနည်နေ့ကို မပျက်မကွက် အစဉ်အလာတစ်ခုကို ဆက်လက်ကျင်းပနိုင်အောင် ထိန်းသိမ်းသွားကြဖို့၊ အချိန်မဖြုန်းဘဲ ဗဟုသုတတွေ ရှာဖွေဖို့ မှာချင်ပါတယ်။

**အာဇာနည်ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို (အငြိမ်းစား)**

အာဇာနည်နေ့ကိုကြုံကြိုက်လာတာ ခုဆို (၆၉)နှစ်ရှိပါပြီ၊ ကမ္ဘာတည်သရွေ့ နှစ်တိုင်းလည်းလုပ်ဆောင်ရမယ့် အခမ်းအနားပါ၊ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင်ကြီးတွေ နိုင်ငံအတွက် အသက်ပေးပြီး လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့တယ်၊ လွတ်လပ်ရေးရရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာ စီမံခန့်ခွဲခဲ့တယ်၊ ဒီလိုကြိုးစားမှုတွေကြောင့် ရလာတဲ့ အသီးအပွင့်တွေကို အားလုံးက အမှတ်တရရှိဖို့လိုပါတယ်။

လူငယ်တွေသာမက လူကြီးတွေရော ဒီအာဇာနည်တွေရဲ့ လုပ်ဆောင်ချက်တွေကို ပြန်ပြီးတမ်းတသတိရပြီး အတတ်နိုင်ဆုံး ကိုယ့်တိုင်းပြည်နဲ့ လူမျိုးအတွက် ဆောင်ရွက်သင့်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ဝါဆိုလပြည့်နေ့သည် ဂေါတမဘုရားလောင်း ပဋိသန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားဦးကို စတင်ဟောတော်မူသောနေ့၊ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊ ဘုရားအဖြစ်ဝန်ခံတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့(ပထမဆုံးရဟန္တာပေါ်ပေါက်လာသောနေ့)နှင့် ဗေဟိဘိက္ခု ဟူသောစကားကို စတင်ကြားရသော နေ့မြတ်ကြီးဖြစ်သည်။

ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ ထိုနေ့၌ ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားက ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ကျင်းပရခြင်းဖြစ်သည်။ ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားသည် အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ ညဉ့်ဦးယံ၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ်ကို ဝန်ခံသောအားဖြင့် ဓမ္မစကြာ တရားတော်ကို ဟောကြားတော်မူခဲ့သည်။

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုထိုက်ပေသည်။ ဓမ္မစကြာတရားတော်၏ လမ်းစဉ်မှာ အစွန်းနှစ်ခုကို ရှောင်ကြဉ်ပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်ကို ကျင့်သုံးရေးကို ညွှန်ကြားထားပြီး သစ္စာလေးပါးတရားကို သိမြင်စေရန် ဟောကြားထားသောကြောင့် ဗုဒ္ဓဝါဒ၏ တိကျခိုင်မာသော သဘောတရားကို တွေ့မြင်နိုင်သည်။

ဤကဲ့သို့ အနှစ်သာရပါသော တရားဖြစ်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများက ဓမ္မစကြာတရားတော်ကို အထူးအာရုံစိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ မြို့တိုင်း၊ ရွာတိုင်း၌ ဓမ္မစကြာအသင်းများ ဖွဲ့စည်းပြီး တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိကြသည်။

ယနေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော် လေးဆူနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား အဌမအကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

အဆိုပါ သင်္ကန်းတော်ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပရာ နေပြည်တော် သံဃမဟာနာယကအဖွဲ့ဝင် ပျဉ်းမနားမြို့ မာန်အောင်ကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် သာဓုအနုမောဒနာ တရားတော်များကို နာယူကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်း၍ အမျှပေးဝေကြသည်။

ယင်းနောက် အဌမအကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သူရဦးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က ကပ်လှူပူဇော်ကြသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဆီမီး ၉၀၀၀ ကပ်လှူ၍ ဝတ်ရွတ်အသင်းများက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယနေ့သည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည့်အားလျော်စွာ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ စေတီတော်များ



ဝါဆိုလပြည့်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးကုသိုလ်ပြုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ် ဓာတ်ပုံ-ဌေးအောင်

တွင်လည်း ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးပူဇော်သူ၊ ဇီဝိတဒါန ဘေးမဲ့လွှတ်သူ၊ တရားဘာဝနာပွားများသူ၊ ဒါနပြုသူ၊ ကုသိုလ်ယူသူ၊ သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် (ဖွား၊ ပွင့်၊ ဟော၊ စံ)သံဝေဇနိယလေးဌာန၊ မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်၊ ဓာတုဇယစေတီတော်၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ ကိုးခန်းကြီးဘုရား၊ လောကမာရဇိန်စေတီတော်တို့၌လည်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်လှူခြင်း၊ ငှက်များ၊ ငါးများအား ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ဒါနပြုသူများ၊ သီလဆောက်တည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ ဝါဆိုလပြည့်နေ့တွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာတို့၌ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နံနက် ၅ နာရီတွင် ဂေါပကအဖွဲ့က ဦးဆောင်ကာ စေတီတော်ရင်ပြင် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မြတ်ဗုဒ္ဓအားရည်မှန်း၍ စေတီတော်မြတ်အား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။ နံနက် ၇ နာရီတွင် သက်ဆိုင်ရာစုရပ်မှ ရင်ပြင်တော်တစ်ပတ်လှည့်လည် ပူဇော်ပြီး စေတီတော်ရင်ပြင် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်းတော်ကပ် လှူဒါန်းပူဇော်ကာ နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဝါတွင်းသီလခံယူဆောက်တည်ကြပြီး ရောင်တော်ဖွင့် တန်ဆောင်း၌ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဝါတွင်းသုံးလ ဥပုသ်နေ့ နံနက်တိုင်း ရွှေတိဂုံစေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက ဝါတွင်းသီလပေး တရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဥပုသ်သီတင်းသီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ ကြွရောက်ကြည်ညို သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၅)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့ နံနက် ၇ နာရီတွင် မင်းဓမ္မကုန်းတော်ရှိ ဂန္ဓကုဋိတိုက်၌ ကျင်းပရာ ဘုရားဖူးလာပြည်သူများ ကြွရောက်ကြည်ညို ကုသိုလ်ယူကြသည်။



ဝါဆိုလပြည့်နေ့က ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၈ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်ပရိဝုဏ် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပသည်။ မွန်းလွဲ ၂ နာရီတွင် ဂေါပကအဖွဲ့မှ ဦးဆောင်ကာ ဝတ်အသင်း ၂၀ သင်းမှ အသင်းသား အသင်းသူများ၊ ဘုရားဖူးလာပြည်သူများက သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူ၌ ဝါဆိုသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် (၅၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် စေတီတော်ပရိဝုဏ်ရှိ သာသနဗေဒတိက ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယက ဆရာတော်ကြီးများ အပါအဝင် ပင့်သံဃာတော်အပါး ၁၀၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများတွင် ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓဘာသာဝင်များက ဝါဆိုပန်းများကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ တရားဘာဝနာများပွားများခြင်းဖြင့် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ လမ်းများ၊ ရပ်ကွက်ဓမ္မာရုံများ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဝတ်အသင်းအဖွဲ့ဝင်များက ဓမ္မစကြာ ရွတ်ဆိုပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် ဓမ္မစကြာ အခါတော်နေ့ကို ထူးမြတ်သော ကုသိုလ်အဟုန်တို့ဖြင့် လွှမ်းခြုံလျက်ရှိသည်။

မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အောင်တော်မူဘုရား၊ သကျသီဟဘုရား၊ ရွှေကျီးမြင်ဘုရား၊ ချမ်းသာကြီးဘုရား၊ ချမ်းသာရဘုရား၊ ဝေရောစနကျောက်စိမ်းစေတီနှင့် တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးသူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် နံနက်မိုးသောက်ချိန်မှစတင်ပြီး စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ထို့ပြင် မန္တလေးဝန်းကျင်တွင်ရှိသည့် ကျောက်ဆည်ရွှေသိမ်တော်ဘုရား၊ စစ်ကိုင်းကောင်းမှုတော်ဘုရား၊ ကံတလူဘုရား၊ ပြင်ဦးလွင် မဟာအံ့ထူးကံသာဘုရား၊ စဉ့်ကိုင်ပေါ်တော်မူဘုရား၊ ပလိပ်မြွေဘုရားနှင့် မန္တလေးတောင်၊ ရန်ကင်းတောင် အခြားလည်ပတ်စရာနေရာများဖြစ်သည့် တောင်သမန်အင်း၊ ဦးပိန်တံတား၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ပြင်ဦးလွင်၊ ဆည်တော်လေး အစရှိသည့် နေရာများ၊ ကလေးငယ်များနှင့် လူငယ်များကလည်း မနော်ရမ္မာန်ကစားကွင်း၊ မြို့တော်ဥယျာဉ်ကစားကွင်း အစရှိသည့်နေရာများသို့ အမြောက်အမြား သွားရောက်ခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ ဘုရားဖူးထွက်သူများနှင့် လည်ပတ်ကြသူများသည် မြို့ပေါ်မှသူများသာမက နယ်မြို့များနှင့် ကျေးရွာများမှ စုပေါင်းကားငှား၍လည်းကောင်း၊ ဆိုင်ကယ်ဖြင့် စုပေါင်း၍လည်းကောင်း လည်ပတ်ကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

**(သတင်းစဉ်)၊ အေးမြ(မန္တလေး)**

---

*စာမျက်နှာ ၆ မှ*

ဆောင်ရွက်ထိုက်တာတွေ၊ လွတ်လပ်ရေးမဆုံးရှုံးအောင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ကြဖို့ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်စေချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏မြေး မန်းသင်းခိုင်သန်း**

အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းလိုက်ခဲ့ဖို့၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ဖို့၊ တန်းတူညီမျှရှိဖို့ ဒါတွေက ဗိုလ်ချုပ်တို့ ခေါင်းဆောင်တွေ ဖြစ်ချင်တဲ့ ဆန္ဒအမွေတွေ ထိန်းသိမ်းဖို့ပြောချင်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို အစွမ်းကုန်ကြိုးစားကြပါလို့ မှာချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်**

တိုင်းပြည်ကောင်းအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းကြပါလို့ ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ အကြီးဆုံးသား ဦးတင်မြင့်**

အခုတက်လာတဲ့ အစိုးရက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတာဖြစ်တယ်။ ပြည်သူက မျှော်လင့်ချက်တွေလည်း အများကြီးထားကြတယ်။ ဒါတွေကို စိတ်မစောစေချင်ဘူး အချိန်ယူပါ၊ သည်းညည်းခံပါ၊ အစိုးရက လုပ်နေပါတယ်၊ မျိုးဆက်သစ်တွေအနေနဲ့ ပညာတတ်ဖို့အရေးကြီးတယ်၊ ပညာတတ်မှ တိုင်းပြည်က တင့်တယ်မှာဖြစ်တယ်၊ အတန်းပညာတင် မဟုတ်ပါဘူး၊ အတတ်ပညာပါတတ်ဖို့လိုတယ်။ တိုင်းပြည်မှာ အခွင့်အရေးတွေက အများကြီးပေါ်လာပါပြီ၊ မျိုးချစ်စိတ်ရှိရမယ်၊ ပြည်သူ့နီတိကိုလည်း တတ်ရမယ်၊ ဒါကို သိမှ ပြည်သူကောင်းဖြစ်မှာ၊ ဒါတွေကို မျိုးဆက်သစ်တွေကို မှာချင်တာပါ။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ အငယ်ဆုံးသား ပါမောက္ခဌာနမှူး(ငြိမ်း) ကုန်ထုတ်ဓာတုဗေဒဌာန ဒေါက်တာမင်းမြင့်**

တိုင်းပြည်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးစားစေချင်တယ်၊ ဗိုလ်ချုပ်လို အာဇာနည်စိတ်ဓာတ်၊ ထူးချွန်ထက်မြက်သော ဉာဏ်ပညာ၊ ခေါင်းဆောင်မှု၊ ရိုးသားဖြောင့်မတ်မှုတွေကို ပြည်သူတွေ အတုယူစေချင်တယ်၊ တခြားအာဇာနည် ခေါင်းဆောင်တွေလည်း သူ့အလျောက်သူ ပါပဲ၊ အတုယူစေချင်တယ်။ လမ်းခင်းပေးခဲ့တဲ့ လွတ်လပ်ရေးနဲ့ တိုင်းပြည်တိုးတက်ကြီးပွားရေး၊ ပြည်ထောင်စုစည်းလုံးညီညွတ်ရေး၊ အခုလည်း ငြိမ်းချမ်းရေးလုပ်နေပါတယ်။ ဒါတွေကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ မျိုးဆက်သစ်တွေ ကျရာတာဝန်ကို သူ့နေရာနဲ့သူ ဝိုင်းဝန်းပြီး လုပ်ဖို့ကောင်းပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏အငယ်ဆုံးသား ဦးထွေးဝင်း**

တိုင်းပြည်တိုးတက်အောင် နှစ်ဆလောက်ကြိုးစားရမယ်၊ ဒါမှတော်ရုံလောက်ကျမှာပါ၊ မလိမ်ကြ မညာကြပါနဲ့။ မျိုးဆက်သစ် နောင်လာနောက်သားတွေကို ပြောကြားချင်တာကတော့ ဒီလိုနေ့ကို မမေ့ပျောက်အောင် ကြိုးစားကြပါလို့ ပြောလိုပါတယ်။

**မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

အာဇာနည်နေ့ နှစ်တိုင်းတက်ပါတယ်၊ အာဇာနည်နေ့တိုင်းပဲ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုပြီး ဖခင်ကြီးကို ဂါရဝပြုတယ်၊ နိုင်ငံတော်ကလည်း စီစဉ်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။

မျိုးဆက်သစ်တွေကို ပြောကြားချင်တဲ့စကားကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးလှူသွားကြတယ်၊ နောက်ပြီး သူတို့တစ်တွေ ညီညီညွတ်ညွတ် လုပ်ဆောင်သွားတာကို အားလုံးက နမူနာယူပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြပါလို့ မှာကြားလိုပါတယ်။

# အာဇာနည်နေ့အခမ်းအနားမှသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မြန်မာပြည်ငြိမ်းချမ်းစေချင်

**သတင်းဆောင်းပါး - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးပါက ပြန်လည်ထူထောင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်များသည် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် လုပ်ကြံခြင်းခံခဲ့ရပြီး ယင်းနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

လုပ်ကြံခံရမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသည်။ ထို့နေ့သည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် အစားထိုး၍ ပြန်မရနိုင်သည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့သည်။

ယခင်နှစ်များက စတင်၍ အာဇာနည်နေ့ရောက်တိုင်း ဝန်ကြီးများရုံးဟောင်း (ယခင် အတွင်းဝန်ရုံး)သို့ အများပြည်သူများ လာရောက်ကြည့်ရှုခွင့်ရခဲ့သည်။ ယခင် အတွင်းဝန်ရုံးဟောင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ယခင် ယူနီဂျက်အလံအားဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည့် သမိုင်းဝင် အထင်ကရနေရာဖြစ်သည်။

တိုင်းပြု ပြည်ပြု လွှတ်တော်ကျင်းပရာနေရာ၊ ဗိုလ်ချုပ်နှင့် အာဇာနည်တို့ ကျဆုံးခဲ့ရာနေရာ၊ ကျဆုံးသူ အာဇာနည်ခေါင်းဆောင်တို့၏ အထိမ်းအမှတ် ကျောက်စာတိုင်ရှိရာနေရာ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် နိုင်ငံတော်အလံ လွှင့်တင်ခဲ့ရာနေရာဖြစ်သည်။ အတွင်းဝန်များရုံး၌ ပြုလုပ်သည့် ယခုနှစ် (၆၉) ကြိမ်မြောက် အာဇာနည်နေ့သည် တစ်မူထူးခြားသည်။ လွတ်လပ်ရေးအလံ လွှင့်တင်ခဲ့ရာ အဆိုပါနေရာတွင် အာဇာနည်ခေါင်းဆောင်တို့ ကျဆုံးသည့်



ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် နံနက် ၈ နာရီ ၁၀ မိနစ်က ပြုလုပ်သည့် အာဇာနည်ခေါင်းဆောင်များအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် အလံတစ်ဝက်ချ အခမ်းအနားကျင်းပစဉ်

ဝမ်းနည်းခြင်းအထိမ်းအမှတ် အလံတိုင်တစ်ဝက်လျှော့ချခြင်းဖြင့် အာဇာနည်ခေါင်းဆောင်တို့အား အောက်မေ့သတိရစေခဲ့သည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အတွင်းဝန်များရုံးကို အများပြည်သူများ လေ့လာနိုင်ရန် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပေးသည်။ သို့သော်လည်း နံနက် ၇ နာရီကတည်းက အတွင်းဝန်များရုံးသို့ လာရောက်ကြသည့် ပြည်သူများ တန်းစီစောင့်ဆိုင်းနေကြသည်ကို တွေ့မြင်နေရသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် တလူလူလွင့်တက်နေသည့် နိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင်အထိမ်းအမှတ် ကျောက်စာတိုင်အား မျက်နှာမူနေရာယူလျက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အာဇာနည်ခေါင်းဆောင်တို့ကျဆုံးသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် အလံတိုင်တစ်ဝက်ကို စစ်ခရာသံပေး၍ လျှော့ချခဲ့သည်။ အားလုံး ငြိမ်သက်လျက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့အမျှဝေရန် နောက်ထပ်နှစ်မိနစ် ထပ်ငြိမ်ပေးပါဟူသော အသံချဲ့စက်မှ ထွက်ပေါ်လာသံနှင့်အတူ အားလုံးက ငြိမ်သက်ခြင်းများစွာဖြင့်၊ နေရောင်က တောက်ပ၍ ရာသီဥတုက သာယာလျက်ပင် ရှိနေသေးသည်။

ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနားအပြီးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာ မသန်းမြင့်အောင်က "စာရေးဆရာဆိုတာ သမိုင်းကို မပောင်းအောင် အမြဲဆန်းသစ်ဖို့ လုပ်ဆောင်ပေးသူပါ။ ဒီလိုနေ့မျိုးကို ကျွန်မတို့ တက်ရောက်ခွင့်ရတယ်၊ ဒီနေရာဟာ အာဇာနည်နေ့ သမိုင်းဖြစ်တဲ့ ဘူမိနက်သန်နေရာပါ။ ဒီအတွင်းဝန်ရုံး ဟော့ဒီဝင်းကြီးထဲမှာ ဗိုလ်ချုပ်သွေးမြေခတယ်။ ဒီကနေ့မှာ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်၊ ပြည်သူလူထုနဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်း ၄၀၀ ကျော်၊ နောက် ကျွန်မတို့ နာရေးကူညီမှု ပရဟိတအသင်းက ဦးဆောင်တဲ့ လူငယ်တွေကော အခြားသော ပရဟိတအဖွဲ့အစည်းတွေပါ ပါဝင်ပေါင်းစည်းခွင့်ရတယ်။ ပြည်သူ့ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ အားလုံး စုပေါင်းပြီးတော့ တစ်ပေါင်းတစ်စည်းတည်း ကူညီဆောင်ရွက်ခွင့်ရတာဟာ နှစ်ပေါင်းများစွာကြာမှ ဒီတစ်ကြိမ်ဟာ ပထမအကြိမ်လို့ ကျွန်မ ထင်ပါတယ်"ဟု အတွင်းဝန်ရုံး အာဇာနည်နေ့အခမ်းအနား တက်ရောက်ခွင့်ရသူက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက "ဗိုလ်ချုပ်ကျဆုံးတဲ့နေရာကို မေးလိုက်တိုင်း ကလေးတွေ တော်တော်များများက ကျွန်တော့်ကို ဗိုလ်ချုပ်ကျဆုံးတာ ကျွန်တော် အခုရုံးထိုင်နေတဲ့ မြို့တော်ခန်းမလို့ပဲ ပြောကြတယ်။ ဒီတော့ ဗိုလ်ချုပ်ကျဆုံးခဲ့တာ ဒီနေရာ၊ အခုအတွင်းဝန်များ ရုံးဟောင်းဆိုတာ ကလေးတွေကို သိစေချင်တယ်။ အာဇာနည်ဗိမာန်မှာလည်း အာဇာနည်နေ့ အခမ်းအနားကို လုပ်ပေမယ့် ဒီနေရာက ဗိုလ်ချုပ်ကျဆုံးတဲ့ နေရာဖြစ်တဲ့အတွက်ကြောင့် သမိုင်းပျောက်မှာစိုးလို့ သမိုင်းကို ပြန်ထုတ်ဖော်တာပါ။ စစ်မှန်တဲ့ သမိုင်းတစ်ခုကို ဖော်ထုတ်ရတာဖြစ်တဲ့အတွက် ဂုဏ်လည်းယူတယ်။ အရင်က ပန်းခွေချလို့မရတဲ့နေရာတွေ၊ ဥဩဆွဲမလား၊ မဆွဲဘူးလား၊ ဥဩဆွဲလို့ရှိရင် တော်လှန်တာလား၊ ဥဩဆွဲလို့ရပ်နေရင် အပြစ်ဖြစ်မလား စတဲ့ အရာတွေရှိတာပေါ့။ အခု လွတ်လပ်တယ်၊ စည်းကမ်းတကျ ဥဩတွေဆွဲကြမယ်။ ကျွန်တော်လည်း ရောက်တဲ့နေရာမှာ ငြိမ်သက်စွာနေမယ်၊ ကျွန်တော်တို့လုပ်ချင်တာတွေ လုပ်ခွင့်ရပြီ၊ ပြောရရင် ကျေနပ်တယ်"ဟု ပြောသည်။

အတွင်းဝန်ရုံးအတွင်းသို့ ပြည်သူများ တဖွဲဖွဲရောက်လာလေပြီ၊ အထက (၆) ဗိုလ်တထောင်မှ ဆရာ၊ ဆရာမများက ကျောင်းသား ကျောင်းသူများအား ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့် အဆောက်အအုံအောက်၌ ဗီနိုင်းပိုစတာများဖြင့် ပြသထားသော ဗိုလ်ချုပ်တို့ကျဆုံးရာ အစည်းအဝေးခန်းမနေရာ၊ အစည်းအဝေးခန်းမသို့သွားရာ ကြောင်လိမ်လှေကား၊ အစည်းအဝေးခန်းမသို့သွားရာ လျှောက်လမ်း စသည်တို့ကို ရှင်းပြနေသည်။

အထက(၆)ဗိုလ်တထောင်မှ ဆရာမ ဒေါ်မြင့်မြင့်အေးက "ကလေးတွေရဲ့ အနာဂတ်အတွက်ပါ။ ဗိုလ်ချုပ်အောင်ဆန်းကို အားကျလာအောင်၊ ဗိုလ်ချုပ်စိတ်ဓာတ်ကို လေးစားအောင်။ လူသားအရင်းအမြစ်ကောင်းတွေ ပေါ်ထွက်လာအောင် ကျွန်မတို့က ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့တဲ့ အာဇာနည်နေ့အခမ်းအနားကို တက်ရောက်တာပါ။ ပါလီမန်အဆောက်အအုံကို လိုက်ပြတယ်။ ဗိုလ်ချုပ်ကျဆုံးတဲ့ နေရာတွေ လိုက်ပြပြီး ဗိုလ်ချုပ်နဲ့ အာဇာနည်တွေရဲ့ ကျောက်တိုင်မှာ အလေးပြုကြပါတယ်" ဟု ဆိုသည်။

အတွင်းဝန်များရုံးကြီး၏ အဆောက်အအုံများအောက်၌ မြန်မာနိုင်ငံသားပြည်သူ ပြည်သားများသာမကဘဲ နိုင်ငံခြားသားများကလည်း ကြည့်ရှုလေ့လာနေကြပေသည်။ ရှေ့တွင် အမျိုးသမီးငယ်နှစ်ယောက်၊ တစ်ယောက်က လူထုခေါင်းဆောင် အမေစု စာတန်းပါ တီရှပ်ကို ဝတ်ဆင်ပြီး ရှမ်းရိုးရာချည်ထည် ပင်နီလုံချည်ကို ဝတ်ဆင်ထားသည်။ အမျိုးသမီးငယ် နှစ်ဦးစလုံးက ဟောင်ကောင် University မှ

*စာမျက်နှာ ၉ သို့*

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ဖွယ်အခမ်းအနား ဗိုလ်ချုပ်၏မွေးဖွားရာဇာတိ နတ်မောက်မြို့၌ကျင်းပ

**နတ်မောက် ဇူလိုင် ၁၉**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံး၌ လုပ်ကြံခံခဲ့ရပြီးနောက် အဆိုပါ ဇူလိုင် ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်၍ ဂုဏ်ပြုခဲ့ကြရာ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်သည် (၆၉)နှစ် ပြည့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်သည့် ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးဘဝင်း၊ သခင်မြ၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး စသူတို့အား လွမ်းဆွတ်သတိရကာ အောက်မေ့ဖွယ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာဒေသအသီးသီး၌ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်မြေဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ကွင်းတွင် ကျင်းပခဲ့သည်။

ယနေ့ နတ်မောက်မြို့၌ ကျင်းပခဲ့သည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား၌ နံနက် ၇ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချခြင်းကိုပြုလုပ်ပြီး နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နတ်မောက်မြို့ရှိ ရပ်ကွက်များမှ ပြည်သူများက အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ ဂါရဝပြုခဲ့ကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်များ ပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်ကာ အမျှအတန်း ပေးဝေခဲ့ကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မီးသတ်ကားများက ဦးဆောင်၍ ဥဩဆွဲခဲ့သည့်နည်းတူ လမ်းပေါ်တွင် သွားလာနေကြသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကလည်း ရောက်လေရာတွင်ရပ်တန့်၍ ဟွန်းသံများ အဆက်မပြတ်တီးကာ ဝမ်းနည်းကြောင်း ဖော်ပြခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပြတိုက်တွင်လည်း (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်သူ ရဟန်းရှင်လူ ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် ဓာတ်ပုံနှင့် ပန်းချီပြခန်းကို ငါးခန်းခွဲ၍ ပြသပေးထားသည်။

အဆိုပါပြခန်းများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရှားပါးဓာတ်ပုံများနှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံဖြင့်ထုတ်ဝေခဲ့သော ငွေစက္ကူများ၊ ဗိုလ်ချုပ်၏ ဈာပနအခမ်းအနားဓာတ်ပုံများ၊ ရန်ကုန်မြို့တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက်နှင့် အသုံးအဆောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံ့ခေါင်းဆောင်ဘဝ အင်္ဂလန်ခရီးစဉ်နှင့် အိန္ဒိယခရီးစဉ်များ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် ထုတ်ဝေခဲ့သည့် တံဆိပ်ခေါင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ မိသားစုဘဝ၊ ကျောင်းသားဘဝနှင့် ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့သည့် လက်ရေးစာမူများ စသည်တို့ကို တစ်စုတစ်စည်းတည်း လေ့လာနိုင်ရန် ပြသထားသည်။

ယနေ့ အာဇာနည်နေ့တွင် နတ်မောက်မြို့သည် ယခင်ရက်များနှင့်မတူ ပိုမိုသက်ဝင်လှုပ်ရှားနေသည်ကို တွေ့ရပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင်လည်း လာရောက်ကြည့်ရှုသူများဖြင့် တိုးမပေါက်အောင် စည်ကားနေသည်ကို တွေ့ရှိခဲ့ရသည်။ **(ဝဲပုံ)**

ယနေ့တွင် ဗိုလ်ချုပ်နေအိမ်ပြတိုက်ကို ပြည်သူအများ လာရောက်လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး လာရောက်ကြည့်ရှုသူအရေအတွက်မှာ ခန့်မှန်းခြေ ၁၃၇၃၂ ဦးခန့် ရှိခဲ့ကြောင်း ပြတိုက်တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ရာမညာ၊ နိုင်လင်းကြည်**

# ၂၀၁၆ ခုနှစ်၊ (၂၄)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာ

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၄) ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၇၂)ဌာနတို့၌ (၁၃-၆-၂၀၁၆)ရက်နေ့မှ (၁၇-၆-၂၀၁၆) ရက်နေ့အထိ (၅)ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ ယင်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရန်စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ (၁၀၉၈၅) ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ (၁၀၈၈၄) ပါးဖြစ်၍ အောင်မြင်သူဦးရေ စုစုပေါင်းမှာ (၃၇၂၉) ပါးဖြစ်ရာ (၃၄ ဒသမ ၂၆) ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၃။ အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၄၉၉) ပါး၊ လေးကျမ်းအောင် (၅၁၁) ပါး၊ သုံးကျမ်းအောင် (၅၄၀) ပါး၊ နှစ်ကျမ်းအောင် (၅၉၇) ပါး၊တစ်ကျမ်းအောင် (၈၉၀) ပါးတို့ ဖြစ်ကြပါသည်။

ဝိနည်းငါးကျမ်းအောင် (၄၉၉) ပါးအနက် ပထမ ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၁၅၂၊ ရှင်သုန္ဒရ၊ အသက်(၁၉)နှစ်၊ အဖ-ဦးချက်ဖောင်း၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ပူရ-၆၅၊ အရှင်ဓမ္မပိယ၊ အသက်(၂၂)နှစ်၊ အဖ-ဦးမုန်း၊ မဟာဂန္ဓာရုံကျောင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၉၇၊ ရှင်ပညာဓရ၊ အသက်(၁၈)နှစ်၊ အဖ-ဦးဝင်းနိုင်၊ မြစကြာကျောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ စက-၁၂၈၄၊ မဣသရိယညာဏီ၊ အသက်(၂၄)နှစ်၊ အဖ-ဦးကြည်ညွန့်ဝေ၊ သကျဓီတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (သီလရှင် ပထမ)

၄။ အုပ်စု(၂)ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၉၈) ပါး၊ နှစ်ကျမ်းအောင် (၄၃) ပါး၊ တစ်ကျမ်းအောင် (၄၄) ပါးတို့ ဖြစ်ကြပါသည်။

ဒီဃနိကာယ် သုံးကျမ်းအောင် (၉၈) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ်၊ ပူရ-၁၊ အရှင်သူရိယာလင်္ကာရ၊အသက်(၂၃)နှစ်၊ အဖ-ဦးသန်းဌေး၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့ မန္တလေးတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက-၂၃ ၊ ရှင်ဂုဏတေဇ၊ အသက်(၁၉)နှစ်၊ အဖ-ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၁၆၊အရှင်သီဟဉာဏာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဖ-ဦးဝင်းနွယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

(ဃ) ဒီဃနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ကွေး-၁၅၊ မထေရာသီ၊ အသက်(၄၉)နှစ်၊ အဖ- ဦးပြား၊ ခေမာသိရီစာသင်တိုက်၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး။ (သီလရှင် ပထမ)

၅။ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၆)ပါး၊ နှစ်ကျမ်းအောင် အပါး (၂၀)၊ တစ်ကျမ်းအောင် (၁၉)ပါးတို့ ဖြစ်ကြပါသည်။

မဇ္ဈိမနိကာယ်သုံးကျမ်း (၄၆) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၄၊ ဦးဉာဏိကာလင်္ကာရ၊ အသက်(၂၂)နှစ်၊ အဖ-ဦးမောင်ဌေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ကြို့-၈၊ ဦးနာရဒ၊ အသက်(၄၀)နှစ်၊ အဖ-ဦးသောင်းရွှေ၊ ညောင်တုန်းကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့ ပဲခူးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၁၉၊ ဦးဣဿရိယာလင်္ကာရ၊ အသက်(၃၁)နှစ်၊ အဖ-ဦးလှငွေ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

၆။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁၁)ပါး၊ နှစ်ကျမ်းအောင် (၄)ပါး၊ တစ်ကျမ်းအောင် (၄)ပါးတို့ ဖြစ်ကြပါသည်။

သံယုတ္တနိကာယ်သုံးကျမ်း (၁၁) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ် ၊ မုံ-၂၊ ရှင်သီလာစာရ၊ အသက်(၂၁)နှစ်၊ အဖ-ဦးမြင့်မော်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ရှီး-၁၊ အရှင်သီဟဝံသ၊ အသက်(၄၈)နှစ်၊ အဖ-ဦးမန်ဟိန်း၊ သာသနဝိပုလစာသင်တိုက်၊ နမ့်ခမ်းမြို့ ရှမ်းပြည်နယ်။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ပခ-၁၊ အရှင်ဣန္ဒဝံသ၊ အသက်(၃၃)နှစ်၊ အဖ-ဦးကျော်ရင်၊ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး။ (တတိယ)

**(ဆက်လက်ဖော်ပြပါမည်)**

*စာမျက်နှာ ၈ မှ*

ကျောင်းသူများ၊ မြန်မာနိုင်ငံရှိ ကလေးငယ်များအား အင်္ဂလိပ်စာ လာသင်ပေးကြသည်တဲ့လေ။

Nija Yau အမည်ရှိ အမျိုးသမီးငယ်က "ကျွန်မက ဟောင်ကောင် University က ကျောင်းသူပါ၊ ကျောင်းပိတ်တုန်း မြန်မာပြည်က ကလေးတွေကို အင်္ဂလိပ်စာလာသင်ပေးရင်းနဲ့ ပထမဆုံးအကြိမ် ရောက်ဖူးတာပါ၊ အတွင်းဝန်ရုံးကို ရောက်ဖူးတာ ကျွန်မအတွက်တော့ ဒါဟာပထမဆုံးပါပဲ။ ကျွန်မက ရန်ကုန်နဲ့ ပုဂံကို စိတ်ဝင်စားတယ်။ ရန်ကုန်မှာက မြန်မာနိုင်ငံရဲ့သမိုင်းတွေရှိသလို ပုဂံမှာလည်း ရှေးဟောင်းဘုရား စေတီပုထိုးတွေ အမြောက်အမြားရှိတယ်။ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ အတွင်းဝန်ရုံး အကြောင်းကိုတော့ ကျွန်မက အားလုံး မသိပါဘူး၊ လေ့လာနေဆဲပါ။ အာဇာနည်တွေ ကျဆုံးခဲ့တဲ့ နေရာဆိုတာလောက်ပဲ သိတယ်"ဟု ဆိုသည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်တို့ လုပ်ကြံခံရသည့်အချိန် နီးကပ်လာလေပြီ။ တစ်မနက်ခင်းလုံး ကြည်ကြည် လင်လင်ရှိခဲ့သည့် မိုးကောင်းကင်က ဆိုင်းမဆင့် ဗုံမပါ ရုတ်ခြည်းဆိုသလို မျက်ရည်မိုးများ ရွာချလိုက်သည်။ နံနက် ၁၀ နာရီထိုးတော့မည်။ အင်္ကျီအဖြူ၊ လုံချည်အနက်များ ဝတ်ဆင်ထားသော တက္ကသိုလ်ကျောင်းသားများ သိမ်ဖြူလမ်း အတွင်းဝန်ရုံးတံခါးဝသို့ ရောက်ရှိလာကြသည်။ ရွာသွန်းနေသော မိုးကား သဲသဲမဲမဲ။

တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် ပိုင်ရဲသူက "မနက် ၉ နာရီက ဆူးလေပန်းခြံမှာ လူစုပြီးတော့ ဝန်ကြီးများရုံးကို ထွက်လာပါတယ်၊ ဝန်ကြီးများရုံးမှာ အာဇာနည်နေ့ အခမ်းအနားလုပ်ပြီး အာဇာနည်ကုန်းကို ဆက်လက်ချီတက်မယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုမယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ တက္ကသိုလ်တွေမှ ကျောင်းသားတွေအားလုံး လာပူးပေါင်းထားပါတယ်။ အာဇာနည်နေ့ အခမ်းအနားဆိုတာ ကျွန်တော်တို့ မေ့လို့မရပါဘူး။ အာဇာနည်ကိုးဦးစလုံးရဲ့ အမည်ကိုတောင် မသိတဲ့ လူငယ်တွေ အများကြီးရှိနေတယ်။ ဒါကို ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေကသိအောင် ပြုလုပ်ပေးခြင်းပဲ။ နောက်မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်နေ့ဆိုတာ သိလာမယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို သိလာမယ်။ ဒါဆို အာဇာနည်တွေကို တန်ဖိုးထားတတ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ"ဟု ၎င်းတို့၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ပြောသည်။

ထိုစဉ် ဥသြဆွဲသံ၊ ကားဟွန်းတီးသံတွေက သိမ်ဖြူလမ်းတစ်လျှောက်ထွက်ပေါ်လာသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်အချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်။ ဝန်ကြီးများရုံး အတွင်းမှာတော့ ထောင်ဂဏန်းမျှရှိသည့် ပြည်သူလူထုက စိုရွှဲနေသော မိုးရေများကြားထဲတွင် အစားထိုးမရသည့် ဆုံးရှုံးမှုအတွက် အာဇာနည်များ ကျဆုံးသည့် အထိမ်းအမှတ်ကျောက်တိုင်ရှေ့တွင် ဦးညွှတ်အလေးပြုလျက်...။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်သူများ၊ ကျောင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများ မိုးစက်များကြားတွင် ဝမ်းနည်းပူဆွေးလျက်။

အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော်လည်း စိတ်ဓာတ်များ အမြင့်ဆုံးထား၍ တိုင်းရင်းသားညီအစ်ကို မောင်နှမများကြား ဖြစ်ပေါ်နေသည့် နှစ်ပေါင်း ၆၀ ကျော်ကြာ ပဋိပက္ခများကို တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းစေချင်ပါသည်။ မြန်မာပြည် အေးချမ်းစေချင်ပါသည်။ တောင်တန်းနှင့် ပြည်မ ပေါင်းစည်းကာ ဗိုလ်ချုပ်အောင်ဆန်း ရယူပေးခဲ့သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအရသာအား မြန်မာတစ်နိုင်ငံလုံး ခံစားစေချင်မိသည်။ ပင်လုံစာချုပ်မှသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဆီသို့ အစိုးရနှင့် တိုင်းရင်းသား ခေါင်းဆောင်များ အရောက်သွား၍ ငြိမ်းချမ်းရေးအမွေကို လက်ဆင့်ကမ်းပေးနိုင်ရန် မျှော်လင့်မိပါတော့သည်။



## အာဇာနည်နေ့အခမ်းအနား မန္တလေးမြို့၌ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း ရှေ့ရှင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ပြည်သူများနှင့်အတူ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသော ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့အမျှဝေရန် နှစ်မိနစ် ငြိမ်သက်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအလေးပြုပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲ၍ ငြိမ်သက်စွာ အလေးပြုကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အလားတူ (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲကို ပုသိမ်ကြီးမြို့ စည်ပင်သာယာပန်းခြံအတွင်းရှိ ကျောက်တိုင်ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူများနှင့်အတူ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယနေ့ ကျင်းပပြုလုပ်သော (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

### သရက်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ ဗိုလ်ချုပ်အားကစားကွင်း၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီခွဲက (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချ ဂါရဝထားအလေးပြုခြင်းများပြုလုပ်ရာ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ လာရောက်ဂါရဝပြုခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

### သီပေါ

(၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက်က ရှမ်းပြည်နယ် သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စမ်းမာလာဥယျာဉ်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများက လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး အာဇာနည်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နှစ်မိနစ် ငြိမ်သက်စွာ ဂုဏ်ပြုကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ပြည်

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ်ရှေ့တွင်ကျင်းပရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျောင်းသားသမဂ္ဂအဖွဲ့များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူလူထုနှင့် အဖွဲ့အစည်းသီးသီးတို့က လာရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။

**မောင်ရွှေဝင်း(ပြည်)**

### မုဒုံ

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မုဒုံမြို့ ကန်ကြီးလမ်းဝရှိ အာဇာနည်ကျောက်တိုင်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ အလေးပြုကြ ပြီး နံနက် ၁၀ နာရီခွဲတွင် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ မြို့နယ်သာသနာ့ဗိမာန်၌ ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **ကိုချစ်**

# ဘိုကိုဟာရမ်တို့ထိန်းချုပ်ထားသည့် ဘော်နိုဒေသတွင် ကလေးငယ်များ အစာငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားနေ

**ဘော်နို ဇူလိုင် ၁၉**

နိုင်ဂျီးရီးယားနိုင်ငံအတွင်းရှိ ဘိုကိုဟာရမ်တို့ထိန်းချုပ်ထားသည့် ဘော်နိုဒေသရှိ နေရာအချို့တွင် ကလေးငယ်သိန်းချီ အစာရေစာ ငတ်မွတ်ခေါင်းပါးလျက် အာဟာရချို့တဲ့မှုကို တွေ့ကြုံခံစားနေကြရကြောင်း နိုင်ငံတကာ ကလေးများအရေးပေါ် အဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ကုသမှုများသာ အချိန်မီမရောက်ရှိပါက ကလေးငယ် ထောင်ပေါင်းများစွာတို့ မကြာမီအချိန်အတွင်း အသက်ဆုံးရှုံးကြရတော့မည်ဟု ယူနီဆက်ဖ်အဖွဲ့က သတိပေးပြောဆိုလျက်ရှိသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသိမ်းပိုက်ထားသောနေရာဒေသတို့တွင် ပြည်သူများမှာ အစာ၊ ရေနှင့်ကျန်းမာရေးစောင့်ရှောက်မှုမရရှိကြောင်း ယင်းအဖွဲ့ကတွေ့မြင်ခဲ့ပြီး ဘိုကိုဟာရမ်တို့လက်အတွင်းမှ ထွက်ပြေးလာသူများမှာလည်း အစာငတ်၍ သေဆုံးကုန်ကြကြောင်း ဆိုသည်။

အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့၏ ခုနစ်နှစ်ကြာ ပုန်ကန်ထကြွမှုကြောင့် ယခုချိန်အထိ လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ပြီး ပြည်သူ နှစ်သန်းကျော် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

(ဘီဘီစီ)



# ထိုင်ဝမ်၌ နိုင်ငံခြားသားများ လိုက်ပါလာသော ဘတ်စ်ကားတစ်စီး မီးလောင်ပြီး ခရီးသည် ၂၆ ဦး သေဆုံး



**တိုင်ပေ ဇူလိုင် ၁၉**

ထိုင်ဝမ်ကျွန်းရှိ တာယွမ်မြို့တွင် ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၂၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များကို ကိုးကားလျက် အာဏာပိုင်များက ဖော်ပြသည်။ ဘတ်စ်ကားသည် အဝေးပြေး လမ်းမပေါ်သွားနေရာမှ ကားလမ်းဘေးရှိ အရံအတားကို ဝင်တိုက်ခဲ့ပြီး မီးစွဲလောင်ခဲ့ကြောင်း ထိုင်ဝမ်ဗဟိုသတင်း အေဂျင်စီ (CNA) မှ သိရသည်။

အဆိုပါကားပေါ်တွင် ဒါလီယန်သို့ လေယာဉ်ခရီးစဉ်လိုက်ပါရန် တာယွမ် လေဆိပ်သို့ သွားရောက်မည့် တရုတ်ခရီးသည်များ လိုက်ပါလာကြောင်း သိရသည်။ ကားပေါ်တွင် ကားဒရိုင်ဘာနှင့်ဒေသတွင်း ဧည့်လမ်းညွှန်တစ်ဦးအပါ အဝင်နိုင်ငံခြားဧည့်သည် ၂၄ ဦးကို တင်ဆောင်လာသည်ဟု အာဏာပိုင်များက ပြောသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူ အရေအတွက်ကို စာရင်းကောက်ယူနေကြောင်း တာယွမ်မီးသတ်ဌာနအကြီးအကဲ ဇန်ဟာအိုက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ (ဘီဘီစီ)

# ဂျာမနီတောင်ပိုင်းတွင် ရထားပေါ်၌

## ပုဆိန်ဖြင့် တိုက်ခိုက်ခံရ၊ လေးဦးဒဏ်ရာရ

**အော့ချ်ဆန်ဖတ် ဇူလိုင် ၁၉**

ဂျာမနီနိုင်ငံတောင်ပိုင်း၌ အသက် ၁၇ နှစ် အရွယ် ဒုက္ခသည် လူငယ်တစ်ဦးက ပုဆိန်တစ်လက်နှင့် ဓားတစ်ချောင်း ကိုင်ဆောင်ကာ ရထားစီးခရီးသည်များအား လိုက်လံတိုက်ခိုက်ခဲ့မှု တနင်္လာနေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ပုဆိန်ဖြင့် လိုက်ခုတ်ခဲ့သည့်အတွက် လူလေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီးနောက်တွင် ရဲများက ၎င်းအားသေနတ်ဖြင့် အသေပစ်သတ်ခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်း နီးစ်မြို့တွင် အမျိုးသားနေ့အခမ်းအနား၌ ထရပ်ကားတိုက်ခိုက်မှုဖြစ်ပွားပြီး ရက်ပိုင်းအတွင်း အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုများသည် ပြီးခဲ့သည့်တစ်နှစ်ကျော်အကြာက ဒုက္ခသည် ထောင်ပေါင်းများစွာကို ကြိုဆိုလက်ခံခဲ့သည့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အပေါ် နိုင်ငံရေး ဖိအားများစွာ ကျရောက်လာစေခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ဂျိုဟာချင်ဟာမန်က ပုဆိန်နှင့်ဓားကို ကိုင်ဆောင်တိုက်ခိုက်ခဲ့သူသည် အသက် ၁၇ နှစ်အရွယ် အာဖဂန်နိုင်ငံသားတစ်ဦးဖြစ်ပြီး အော့ချ်ဆန်ဖတ်၌ ကာလအတန်ကြာ နေထိုင်ခဲ့ဖူးသည်ဟု ပြောကြားခဲ့သည်။

(ရိုက်တာ)

# အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားတွင် ဆန္ဒပြသူများအား ပစ်ခတ်ထိန်းသိမ်း၊ သုံးဦးသေဆုံး

**ဆရီနာဂါ ဇူလိုင် ၁၉**

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ဆန္ဒပြနေကြသည့် လူအုပ်ကို အိန္ဒိယတပ်ဖွဲ့ဝင်များက သေနတ်များဖြင့် ပစ်ခတ်ထိန်းသိမ်းရာ လူသုံးဦးသေဆုံးခဲ့ကြောင်း ရဲများက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ ခွဲထွက်ရေးဝါဒီစစ်သွေးကြွတစ်ဦးသေဆုံးရာမှ မကျေမနပ်ဖြစ်ပြီး ယင်းပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များသည် အစ္စလာမ်ဘာသာဝင် အများစုနေထိုင်သည့် ကက်ရှ်မီးယားဒေသ၌ ခြောက်နှစ်ကြာ ဖြစ်ပွားလျက်ရှိသည့် ပုန်ကန်ထကြွမှုကို ထိန်းချုပ်ရန်နှင့် သတင်းမရရှိစေရန် မိုဘိုင်းဖုန်းအသုံးပြုခြင်းနှင့် သတင်းစာဖတ်ခြင်းကို ပိတ်ပင်ခဲ့ပြီး ၁၁ ရက်ကြာ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။

တနင်္လာနေ့ နှောင်းပိုင်းက ဆန္ဒပြသူများသည် အဓိကမြို့တွင်းလမ်းများကို ပိတ်ဆို့ထားပြီး စစ်ယာဉ်တန်းအားခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ဆန္ဒပြသူများအနက် အချို့သည် တပ်ဖွဲ့ဝင်များထံမှ လက်နက်ရယူရန်ကြိုးစားခဲ့ပြီး ကားများကို မီးရှို့ရန် ကြိုးစားခဲ့ကြောင်း၊ သတိပေးခြင်းကို လက်မခံသည့်အတွက် တပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်ခတ်ရာ အမျိုးသမီးနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တတိယမြောက် သေနတ်ပစ်ခံရသူမှာ ဆေးရုံသို့မရောက်ခင် သေဆုံးခဲ့သည်။ လူပေါင်း ၃၅၀၀ ခန့် ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကက်ရှ်မီးယားဒေသသည် အိန္ဒိယနိုင်ငံရှိ အစ္စလာမ်ဘာသာဝင် အများဆုံးနေထိုင်ရာ ဒေသဖြစ်သည်။

(ရိုက်တာ)



ပဋိပက္ခအတွင်း ဆန္ဒပြသူများက မီးရှို့ရန် ကြိုးစားခဲ့သည့် နေရာအနီးတွင် ရဲများ ရောက်ရှိနေစဉ်

# စက္ကန့်မလပ် လုံခြုံရေးတင်းကျပ်မှုများဖြင့် ရီယိုအိုလံပစ်ပွဲတော်ကို ဘရာဇီးကာကွယ်မည်

ကလျာမိုးမြင့်



**ပြင်သစ်နိုင်ငံမှာ ယခုရက်ပိုင်းအတွင်းအကြမ်းဖက်တိုက်ခိုက်မှု ဆိုးဆိုးရွားရွားဖြစ်ပြီးသွားတဲ့နောက် ဘရာဇီးဟာ ဩဂုတ်လ ၅ ရက်နေ့မှာ ကျင်းပမယ့် အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲအတွက် လုံခြုံရေးကို အထူးသတိထားလုပ်ဆောင်နေပါတယ်။**

အိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် မြို့တော် ရီယိုဒီဂျနေရိုးမှာ နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားနေပြီး လုပ်ခလစာမလုံလောက်မှုကြောင့် ရဲများဆန္ဒပြ ဝန်းရံကာ တောင်းဆိုခဲ့ကြတဲ့အတွက် နိုင်ငံရဲ့ ပုံရိပ် ထိခိုက်ကျဆင်းနေချိန်မှာ အားကစားပွဲတော် ဖြစ်မြောက်ရေး စီစဉ်သူများအတွက် အစိုးရိမ်ရဆုံး နံပါတ်တစ်အန္တရာယ်ဟာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပါတယ်။

ကြာသပတေးနေ့က ပြင်သစ်နိုင်ငံရဲ့ အပန်းဖြေစခန်းမြို့တော် နိစ်မှာ အမျိုးသားနေ့ အထိမ်းအမှတ်ပွဲ ဆင်နွှဲနေစဉ်အတွင်း ထရပ်ကားစီးနင်းဝင်ရောက်လာတဲ့ လူတစ်ဦးရဲ့ တိုက်ခိုက်မှုကြောင့် လူ ၈၀ ကျော် သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့တဲ့ ဖြစ်ရပ်အပေါ် ဘရာဇီး ယာယီသမ္မတ မိုက်ကယ်တီမာက မြန်မြန်ဆန်ဆန်ပဲ တုံ့ပြန်လိုက်ပါတယ်။

တီမာဟာ ချက်ချင်းဆိုသလို လုံခြုံရေးဆိုင်ရာအရေးပေါ် အစည်းအဝေး တစ်ရပ်ခေါ်ယူခဲ့ပြီး လိုအပ်တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ဆွေးနွေးခဲ့ပါတယ်။ "ကျွန်တော်တို့ရဲ့ လုံခြုံရေးစနစ်နဲ့ ထိန်းချုပ်မှုအပိုင်းကို ဒီထက်ပိုပြီးတင်းကျပ်သွားမယ်။ နိစ်မှာဖြစ်ခဲ့တဲ့ အနိဋ္ဌာရုံမြင်ကွင်းက ဘယ်ပစ္စည်းကိရိယာအတိုအထွာမဆို၊ ဘယ်လိုယာဉ်မျိုးမဆို အကြမ်းဖက်မှုကျူးလွန်ဖို့ အချိန်မရွေး ကြားခံပစ္စည်း တစ်ခုဖြစ်သွားနိုင်တယ်ဆိုတာကို သက်သေပြလိုက်တာပါပဲ"လို့ ကာကွယ်ရေးဝန်ကြီး ရောလ်ဂျန်ဂမန်က ပြောခဲ့ပါတယ်။ လာမယ့်ရက်တွေအတွင်းမှာ မြို့နေပြည်သူများဟာ လုံခြုံရေးအပြည့်နဲ့နေရတော့မှာ ဖြစ်ပါတယ်လို့ လုံခြုံရေးဝန်ကြီးများအဖွဲ့အကြီးအကဲ ဆာဂျီယိုအက်ချီဂိုရန်က ဆိုပါတယ်။

ဘရာဇီးကရွေးချယ်လက်ခံထားတဲ့နည်းလမ်းတွေအနက် တစ်ခုကတော့ အားကစားပြိုင်ပွဲ ကျင်းပမယ့်နေရာနဲ့ ယာဉ်တန်းလှည့်လည်တဲ့နေရာတွေကြားမှာ တိုက်ခိုက်မှုဖြစ်နိုင်တဲ့ အလားအလာရှိတဲ့နေရာတွေကို ပိုင်းခြားပေးလိုက်တဲ့ ဇုန်တွေတိုးချဲ့ခြင်းနဲ့ ပြိုင်ပွဲကျင်းပမယ့်နေရာမှာရှိတဲ့ သွားရာလမ်းတစ်လျှောက် လုံခြုံရေး ကြပ်မတ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။

နောက်ထပ် ပြင်ဆင်ထားတဲ့ လုံခြုံရေးအစီအမံတွေကတော့ နိုင်ငံအတွင်းကျော်ကြားတဲ့ ကိုပါကာဘာနာနဲ့ အီပါနီမာ ကမ်းခြေတွေမှာ မြစ်နဲ့ ဆက်စပ်နေတဲ့ မြို့ရဲ့အစိတ်အပိုင်းတွေကနေစပြီး ကုန်းတွင်းပိုင်းလမ်းတွေအထိ လေတပ်ကင်းလှည့်မှု အင်အားတိုးချဲ့သွားဖို့ ဖြစ်ပါတယ်။ ဘရာဇီး စစ်ရေးသတင်း စုဆောင်းမှုအေဂျင်စီအဖွဲ့ကိုယ်စားလှယ် အာဘင်ဟာ ပြင်သစ်အာဏာပိုင်များထံက အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး သတင်းဦး သတင်းထူးရယူဖို့နဲ့ လျှို့ဝှက်အကြံဉာဏ် ဆောင်ရွက်မှုတွေရယူဖို့ နိစ်ကို သွားရောက်ခဲ့ပါတယ်။

ဘရာဇီးနိုင်ငံရဲ့ ယာယီသမ္မတ မိုက်ကယ်တီမာက အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို ရှောင်လွှဲနိုင်ဖို့ ကြိုတင် ပြင်ဆင်နေတယ်ဆိုတာကို ဖော်ပြပြီး ပြည်သူတွေရဲ့ ကြောက်ရွံ့မှုကို လျော့ပါးသက်သာအောင်ပြုလုပ်ဖို့ ကြိုးပမ်းနေချိန်မှာပဲ တစ်ကိုယ်တော်အကြမ်းဖက်သမားတစ်ဦးရဲ့ လူမဆန်တဲ့ လုပ်ရပ်က ဒီလိုအကြမ်းဖက်ဖြစ်ရပ်မျိုးတွေကို ကြိုမြင်နိုင်ဖို့ဘယ်လောက်တောင်ခဲယဉ်းတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။

နောက်တစ်ချက်က နိစ်တိုက်ခိုက်မှုကိုလုပ်ဆောင်ခဲ့တဲ့ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင် ရာဇဝတ်ကောင်ဟာ မနှစ်က တွစ်တာပေါ်မှာ ဘရာဇီးနိုင်ငံကို ပစ်မှတ်အဖြစ် ကြံရွယ်ထားကြောင်း ခြိမ်းခြောက်စာတစ်စောင်ရေးသားခဲ့ပါတယ်။ ဒါကို အာဘင်က ခိုင်လုံသေချာတဲ့ခြိမ်းခြောက်စာအမှန်တကယ်ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က ပြင်သစ်နိုင်ငံက အိုလံပစ်ကိုယ်စားလှယ်အဖွဲ့ကို ပစ်မှတ်ထားခဲ့တဲ့ အကြမ်းဖက်ကြံစည်မှုတစ်ခုကို ပြင်သစ် သတင်းမီဒီယာအဖွဲ့ကဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီလိုကြံစည်မှုမျိုးကိုမသိနိုင်တဲ့အတွက် ဘရာဇီးအစိုးရက ပြင်သစ်နိုင်ငံ အနီးတစ်ဝိုက်နဲ့ အန္တရာယ်ဖြစ်ပွားနိုင်ခြေများတဲ့ နိုင်ငံ ၁၀ နိုင်ငံက ပြိုင်ပွဲဝင်ကစားသမားတွေကို လုံခြုံရေးစောင့်ရှောက်မှု တိုးမြှင့်လုပ်ဆောင်မယ်လို့ ပြောခဲ့ပါတယ်။ ဘယ်နိုင်ငံတွေလဲဆိုတာကိုတော့ အသေးစိတ် မဖော်ပြခဲ့ပါဘူး။

ပုံမှန်မဟုတ်တဲ့ အခြေအနေမှန်သမျှကို ကာကွယ်တားဆီးဖို့ ရဲအရာရှိတွေနဲ့ လက်နက်ကိုင် တပ်ဖွဲ့ဝင်အင်အားတစ်သောင်းကျော်ကို ပြည်သူလူထုကြားမှာ ဖြန့်ချသွားမယ်လို့ အာဏာပိုင်တွေက ပြောဆိုနေကြပါတယ်။ အိုလံပစ်အားကစားပွဲတော်ကြီးရဲ့ ဘေးကင်းလုံခြုံမှုအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားစု ၃၈၀၀၀ အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၈၅၀၀၀ သုံးစွဲမယ့် ကနဦး လုံခြုံရေးအစီအမံတစ်ရပ်ကိုလည်း တောင်းဆိုလျက်ရှိပါတယ်။

ဒါ့အပြင်ပြိုင်ပွဲကာလအတွင်းနဲ့ ပြိုင်ပွဲပြီးဆုံးချိန်ဖြစ်တဲ့ ဩဂုတ်လ ၂၁ ရက်နေ့အထိ နိုင်ငံတကာ ထောက်လှမ်းရေးဗဟိုဌာနကို ဖွင့်လှစ်ထားခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှာ ရှိတဲ့ ထောက်လှမ်းရေးဌာနများနဲ့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်ဆာချီရို အက်ချီဂိုယန်က ရီယိုမှာရှိနေကြတဲ့ အများပြည်သူတွေအနေနဲ့ လုံခြုံရေးတင်းကျပ်မှုတွေကြောင့် သက်သောင့်သက်သာမရှိလှတဲ့ အနေအထားမျိုးတော့ အနည်းနဲ့အများ ကြုံရလိမ့်မယ်။ ဒါပေမယ့် လုံခြုံရေးတင်းကျပ်နေရတာကလည်း ပြည်သူတွေရဲ့ အကျိုးအတွက်ပဲဆိုတာ သဘောပေါက် နားလည်စေချင်တယ်လို့ ပြောခဲ့ပါတယ်။ ပြိုင်ပွဲကာလအတွင်းမှာ ပြင်သစ်နိုင်ငံကိုယ်စားပြုကစားသမားအဖွဲ့ဟာ အကြမ်းဖက်မှုအတွက် ပစ်မှတ်ဖြစ်လာနိုင်တယ်လို့ လတ်တလော မီဒီယာတွေမှာ ဖော်ပြနေပေမယ့် ဘရာဇီးအာဏာပိုင်တွေအနေနဲ့ ကောလာဟလတွေကို ခိုင်မာသေချာမှုရှိမရှိ မှန်းဆနိုင်ခြင်းမရှိသေးပါဘူး။

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း ဘရာဇီးနိုင်ငံမှာ ၂၀၁၂ ခုနှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၊ ၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲစတဲ့ အခမ်းအနားတွေကို အိမ်ရှင်အဖြစ်နဲ့ လက်ခံ ကျင်းပခဲ့ပြီးပါပြီ။ သို့ပေမယ့် အဲဒီပွဲတွေနဲ့ နှိုင်းယှဉ်ရင် အိုလံပစ်ပွဲတော်ဟာ တစ်ကမ္ဘာလုံးနဲ့ယှဉ်တဲ့ အခမ်းအနားပွဲတော်ကြီးတစ်ခုပါ။

အားကစားပွဲတော် ကာလအတွင်းမှာ အားကစားသမား ၁၇၀၀၀ ကျော်နဲ့ ကမ္ဘာအနှံ့ကဧည့်သည်တွေ မြို့တော် ရီယိုဒီဂျနေရိုးမှာ သိန်းချီရှိနေလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အား ၂၁၀၀၀ ကိုလည်း ရီယိုနိုင်ငံတကာလေဆိပ်မှာ ချထားပြီး စောင့်ကြပ်သွားမှာဖြစ်ပါတယ်။

အိုလံပစ်ပွဲတော်ရဲ့ ရှေ့ပြေးအစီအမံအနေနဲ့ ဘရာဇီးနိုင်ငံဟာ ရဲအရာရှိ ၁၀၀ ကျော်ကို Super Bowl၊ Tour de France၊ ချန်ပီယံလိဂ်ဖိုင်နယ်၊ ကုလသမဂ္ဂအထွေထွေညီလာခံ စသဖြင့် ကမ္ဘာအနှံ့မှာရှိတဲ့ အခြားသော လုံခြုံရေးအစီအမံတွေကိုလေ့လာဖို့ စေလွှတ်ခဲ့ပါတယ်။

ဘရာဇီးနိုင်ငံရဲ့ လတ်တလောဆောင်ရွက်နေတဲ့ လုံခြုံရေးအစီအမံတွေဟာ အလွန်အားတက်ဖွယ်ကောင်းနေပြီး ဩဂုတ်လအတွင်းမှာ ဘေးကင်းလုံခြုံမှုအရှိဆုံးနေရာတစ်ခုကိုသွားဖို့ ရည်ရွယ်ထားတယ်ဆိုရင် ရီယိုဒီဂျနေရိုးကိုသာ ရွေးချယ်လိုက်ပါလို့ ပြောနိုင်တဲ့အနေအထားမျိုးရှိနေပါပြီ။

**ကိုးကား- ဆင်ဟွာ၊ ဂူဂဲ**
**(၁၇-၇-၂၀၁၆)**

**ပြည်သူတွေရဲ့ ကြောက်ရွံ့မှုကို လျော့ပါးသက်သာအောင်ပြုလုပ်ဖို့ ကြိုးပမ်းနေချိန်မှာပဲ တစ်ကိုယ်တော် အကြမ်းဖက်သမားတစ်ဦးရဲ့ လူမဆန်တဲ့လုပ်ရပ်က ဒီလိုအကြမ်းဖက် ဖြစ်ရပ်မျိုးတွေကို ကြိုမြင်နိုင်ဖို့ဘယ်လောက်တောင် ခဲယဉ်းတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။**




## မူးယစ်ဆေးဝါးသုံးစွဲကြောင်း တွေ့ရှိမှုကြောင့် ရုရှားကို အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ခွင့် ပိတ်ပင်ခံရဖွယ်ရှိ

**မော်စကို ဇူလိုင် ၁၉**

ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်းမူးယစ်ဆေးဝါးသုံးစွဲရန်ပြည်တွင်းမှ စပွန်ဆာပေးအပ်ခဲ့သည့် သက်သေအထောက်အထားများတွေ့ရှိရပြီးနောက် ရုရှားနိုင်ငံအနေဖြင့် ယခုနှစ်နွေရာသီအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင်ဝင်ရောက်ယှဉ်ပြိုင်ရန် ပိတ်ပင်ခံရဖွယ်ရာရှိကြောင်း ကမ္ဘာ့မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နွေရာသီနှင့်ဆောင်းရာသီအိုလံပစ်အားကစားပွဲများတွင် ရုရှားနိုင်ငံမှပြိုင်ပွဲဝင်အားကစားသမားအများစုသည် ဆီးစစ်ချက်ရယူမှုကို ပါးနပ်စွာဖြင့် စီမံကျော်ဖြတ်ခဲ့သည်ဟု ဝါဒါကော်မရှင်အဖွဲ့က ပြောကြားခဲ့သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ(IOC)က ဩဂုတ်လ ၅ ရက်နေ့တွင် စတင်ကျင်းပမည့် ရီယိုအိုလံပစ်ပွဲတော်မှ ရုရှားကိုထုတ်ပယ်သင့်မသင့်ကို လာမည့်အင်္ဂါနေ့၌ဆုံးဖြတ်သွားမည်ဟု သိရသည်။
**(ဘီဘီစီ)**

# အာဇာနည်နေ့အခမ်းအနားများ ယခင်နှစ်များနှင့်မတူ အထူးစည်ကား



**ရန်ကုန် ဇူလိုင် ၁၉**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်အားဖြင့် (၆၉)နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုနှစ်အာဇာနည်နေ့သည် ယခင်နှစ်များနှင့်မတူဘဲ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ နံနက်မိုးသောက် အလင်းရောက်သည်နှင့် ရပ်ကွက်များအတွင်း ဓမ္မာရုံနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ အာဇာနည်နေ့အခမ်းအနားများပြုလုပ်၍ လွမ်းသူ့ပန်းခွေများချခြင်း၊ အလေးပြုခြင်း၊ အလံများတိုင်ဝက်လွှင့်ထူခြင်း အစရှိသော အာဇာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဓမ္မာရုံများ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များ၏ မှတ်တမ်းရုပ်ရှင်ကားများ ပြသခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို အသံချဲ့စက်များ ဖွင့်လှစ်ခြင်းတို့ဖြင့် အာဇာနည်နေ့ကို အမှန်ပင် လေးနက်စွာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အထူးသဖြင့် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်ပြတိုက်၌ လာရောက်ကြည့်ရှုသူ ပြည်သူများ ကြက်ပျံမကျစည်ကားလှသည်ကို တွေ့ရသည်။ ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်မှ ဗိုလ်ချုပ်ပြတိုက်သို့ တိုင် စီတန်းနေသော လူအုပ်တန်းကြီးမှာ အထူးစည်ကားနေသည်ကို ပြသလျက်ရှိသည်။ ဗိုလ်ချုပ်ပြတိုက်နှင့် ဗိုလ်ချုပ်ကြေးရုပ်သို့ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း လာရောက်၍ လွမ်းသူ့ပန်းခွေချခြင်း၊ သစ္စာဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ ကဗျာများရွတ်ဆိုခြင်းနှင့် အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယခုနှစ်တွင် တစ်မူထူးခြားသည်မှာ ဗိုလ်ချုပ်ပြတိုက်၌ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ၊ ဗိုလ်ချုပ်အောင်ဆန်းငွေစက္ကူများ၊ ဗိုလ်ချုပ်အောင်ဆန်းတံဆိပ်ခေါင်းများ ခင်းကျင်းပြသထားသည်ကို ပြည်သူများ အထူးစိတ်ဝင်စားလျက်ရှိသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ရာ လမ်းကြောင်းတစ်လျှောက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက အာဇာနည်နေ့ အမှတ်တရအဖြစ် အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် ရုပ်ပုံများပါ စာအုပ်ငယ် အုပ်ရေ ၆၀၀၀၀ ရိုက်နှိပ်၍ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ပြည်သူများ စိတ်ဝင်တစား ဖတ်ရှုလေ့လာနေသည်ကိုလည်း တွေ့ရသည်။

အလားတူ ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် လူငယ်လူရွယ်များ၊ ပရဟိတအဖွဲ့အစည်းများ၊ ပြည်သူများက လာရောက်ကာ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ကမ္ဘာမကျေ သီချင်းသီဆိုခြင်း၊ သစ္စာဓိဋ္ဌာန်ပြုခြင်းတို့ဖြင့် မိုးထဲလေထဲတွင် ကြိတ်ကြိတ်တိုး စည်ကားလှသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲသံနှင့်အတူ ငြိမ်သက်စွာအလေးပြုကြသကဲ့သို့ လမ်းမများပေါ်တွင် သွားလာနေသော မော်တော်ယာဉ်များက ခေတ္တမျှ ရပ်နားကာ ဟွန်းသံများ သံပြိုင်တီး၍ အလေးပြုခဲ့သည်ကိုလည်း တွေ့ရသည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင်လည်း ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်နှင့် မြို့တော်ခန်းမရှေ့တို့၌ ပရဟိတအဖွဲ့အစည်းများက ကဗျာရွတ်ဆိုခြင်း၊ အလေးပြုခြင်း၊ သီဆိုဖျော်ဖြေခြင်းစသော အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်
(သတင်းစဉ်)

## အမြို့မြို့အနယ်နယ်၌ အာဇာနည်နေ့အခမ်းအနားကျင်းပမှု မြင်ကွင်းပုံရိပ်များ



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဓာတ်ပုံ - ဌေးမင်း



နေပြည်တော် တပ်ကုန်းမြို့ ဓာတ်ပုံ - တင်ထွန်းတာ



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ဓာတ်ပုံ - မြို့နယ် ပြန်/ဆက်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဓာတ်ပုံ - သူရ

## (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ

**တောင်ကြီး**

ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကာ တောင်ကြီးမြို့သစ်တောရပ်ကွက် သီရိမင်္ဂလာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ရုံး၌ ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များက ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အနုမောဒနာ တရားနာကြားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ သင်္ကန်းများ ဆက်ကပ်ပြီး မေတ္တာပို့သ ရေစက်သွန်းချ အမျှပေးဝေကာ အရုဏ်ဆွမ်းဆက်ကပ်ကြသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထုများက တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ဗိုလ်ချုပ်ကြေးရုပ်တုရှေ့၌ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချအလေးပြု၍ တစ်မိနစ် ငြိမ်သက်ဂါရဝပြုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ဇီးကုန်း**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အများပြည်သူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေများချပြီး အလေးပြုခဲ့ကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသောအချိန် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဥဩဆွဲအချက်ပေးရာ တက်ရောက်လာသူ ၅၀၀ ခန့်က ငြိမ်သက်စွာအလေးပြုခဲ့ကြောင်း သိရသည်။ ထို့နောက် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော် ၁၇ ပါးအား အာရုံဆွမ်းကပ်လှူခြင်းနှင့် ဝါဆိုသင်္ကန်းကပ်လှူခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးပြီး ဌာနဆိုင်ရာများနှင့် စုပေါင်း၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

**လွိုင်လင်**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့တွင် (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် စာအုပ်ပြပွဲ အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးကိုကိုအောင်နှင့်ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးမျိုးဝဏ္ဏတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲသို့ လွိုင်လင်မြို့ပေါ်ရှိ အထက(၁)၊အထက(၂)၊ အထကခွဲ(၂)၊ အလက(၁)နှင့် အလက(၅)တို့မှ ကျောင်းသားကျောင်းသူများက လာရောက်ကြည့်ရှုလေ့လာကြသည်။

"နေ့ကြီးရက်ကြီးတွေမှာ ဒီလိုအခမ်းအနားတွေ အမြဲတစေ ပြုလုပ်ပေးစေချင်ပါတယ်။ ဒါမှ ကလေးတွေ သမိုင်းကြောင်းနဲ့တကွ အထွေထွေဗဟုသုတများပါ စုံလင်စွာရရှိစေပါတယ်"ဟု ပြပွဲလာရောက်သူ ဆရာ ဆရာမများက အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ဆင်ဖြူကျွန်းမြို့နယ်ခွဲတွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို ဆင်ဖြူကျွန်းမြို့ လွတ်လပ်ရေးကျောက်တိုင်တွင် ကျင်းပသည်။ ရှေးဦးစွာနိုင်ငံတော်အလံအား အလေးပြု၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ရဲဘော်အပေါင်းကိုအလေးပြုကာ တက်ရောက်လာသူများက တစ်မိနစ်ငြိမ်ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများမှ လွမ်းသူ့ပန်းခွေများချခြင်း၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများက လွမ်းသူ့ပန်းခွေများချပြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပင့်သံဃာကိုးပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆက်ကပ် အနုမောဒနာပြုလုပ်ခဲ့ကြောင်း သိရသည် ။

**စစ်ကြည်(စလင်း)**

**ရန်ကုန်**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းသွယ် အမှတ်(34-FG)ရှိ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်း(ရန်ကုန်)၌ ဇူလိုင် ၁၈ ရက် နံနက်က (၆၉ )နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နားမကြားကလေးများအား လက်ပြသင်္ကေတဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသီတာကဟောပြောသည်။ ထို့နောက် ကျောင်းသားကျောင်းသူ ၉၇ ဦးက နံရံကပ်ဓာတ်ပုံများကြည့်ရှုကာ ပုံတူပန်းချီပြိုင်ပွဲကို ၁၈ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုရရှိသူတို့အား အာဇာနည်နေ့တွင် ပထမ၊ ဒုတိယ၊ တတိယ နှစ်သိမ့်ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရှေ့မှသွားနေသည့် ဆီဘောက်ဆာယာဉ်ကို နောက်မှဝင်တိုက်၍ မီးလောင်မှုဖြစ်ပွား

**ကျောက်တံခါး ဇူလိုင် ၁၉**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ တောင်ဘက် လေးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၁၃/၃ နှင့် ၁၁၃/၄ ကြား၌ ဇူလိုင် ၁၉ ရက် နံနက် ၄ နာရီခွဲခန့်က ကုန်တင်ယာဉ်နှစ်စီး တိုက်မိ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ကျောက်တံခါးမြို့မစခန်းမှူး ဒုရဲမှူး သိန်းထိုက် ဦးစီးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ခြောက်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခန့်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်အား စစ်ဆေးဆောင်ရွက်ခဲ့ရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ သန်းထွဋ်(၃၃ နှစ်) မယင်းကျေးရွာ ဘုရားကြီးမြို့နေသူ မောင်းနှင်သော 2C/---- နံပါတ် ၂၂ ဘီး ဆီသယ် ဘောက်ဆာယာဉ်ကို လမ်းကြောင်းတူ နောက်မှနေ၍ အမည်၊ နေရပ်စုံစမ်းဆဲ မောင်းနှင်လာသည့် 6A/---- နံပါတ် ၁၂ ဘီးယာဉ်က အရှိန်လွန် ဝင်တိုက်ရာ အဆိုပါ ကုန်တင်ယာဉ်မှာ မီးစွဲလောင်၍ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ကျောက်တံခါးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေဝတီ၊ ဝေန်နှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မော်လိုက်မြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခန့်စီဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတခရိုင်အတွင်း၊ ငဝန်မြစ်တစ်လျှောက်နှင့် ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကမ်းပြို၍ ရွှေ့ပြောင်းအိမ်ထောင်စုများအား ထောက်ပံ့

**ရေစကြို ဇူလိုင် ၁၉**

ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စား ကမ်းပြိုမှုကြောင့် လူနေအိမ်နှင့် အခြားအဆောက်အအုံများ ရွှေ့ပြောင်းခဲ့ကြရသည်။ အိမ်ထောင်စုများအား ဆန်နှင့်ဆီများ ထောက်ပံ့ကူညီ လှူဒါန်းကြောင်း သိရသည်။

ရွှေ့ပြောင်းခဲ့ကြရသည့် ခေါင်ပေါက်အိမ်ထောင်စု ၁၈ စုကို ဦးအောင်ဖြိုးဝေ-ဒေါ်ဥ မိသားစုက ဆန်တစ်တင်းစီ၊ ဦးပြေအေး-ဒေါ်ပြုံး မိသားစုက ဆန်လေးပြည်စီ၊ ဦးကျော်လွင်-ဒေါ်ခင်စန်းတင့် မိသားစုက ဆန်လေးပြည်စီနှင့် ဆင်ခြေယာကျေးရွာမှ ဦးသောင်းဌေး-ဒေါ်မြရီ မိသားစုက ဆီ နှစ်ပိဿာစီ ထောက်ပံ့လှူဒါန်းခဲ့သည်။ **ဇေထွဏ်းဇော်(ရေစကြို)**

*** ကျော့ဖုံးမှ**

အသင်းဖြစ်ပြီး ဒုတိယအဆင့်တွင် ချင်းယူနိုက်တက်အသင်းကို ကျော်ဖြတ်လာခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ဒုတိယအကျော့တွင် ခြေစွမ်းပိုင်း တိုးတက်လာပြီး အကောင်းဆုံးပုံစံ မရသေးသော်လည်း ရလဒ်ပိုင်း တိုးတက်လာသည့်အသင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအဆင့်တွင် နေပြည်တော်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလာခြင်းဖြစ်သည်။

ဇွဲကပင်နှင့် ရခိုင်ပွဲသည် အပြန်အလှန် ရှိနိုင်ပြီး ရခိုင်အသင်းသည် ပထမအဆင့်တွင် စီးတီးစတားအသင်း၊ ဒုတိယအဆင့်တွင် ရေဝတီအသင်းကို အနိုင်ယူလာခြင်းဖြစ်သည်။ ရေဝတီအသင်းသည် ရှုံး/ထွက် ပြိုင်ပွဲ၏ သုံးကြိမ်ဆက် ချန်ပီယံအသင်းဖြစ်ပြီး ရခိုင်အသင်းက အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ဒုတိယအဆင့်တွင် Southern အသင်းကို ကျော်ဖြတ်လာခြင်းဖြစ်ပြီး ခြေစွမ်းမကွာသည့် နှစ်သင်းဖြစ်သောကြောင့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ ယနေ့ကစားမည့် အသင်းလေးသင်းသည် ယခုရာသီ၏ နောက်ဆုံးဖလား မျှော်လင့်ချက်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဘယ်အသင်း ဆီမီးဖိုင်နယ်တက်ရောက်နိုင်မလဲဆိုတာ။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



ကွာတားကစားရမည့် ရှမ်းယူနိုက်တက်အသင်း

# ထစ်ချုန်းမိုး

**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအားဆက်လက်လျော့နည်းနေမည်။

**(မိုး/ဇလ)**

# ရေတံခွန်တောင်တက်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး MFR စက်ဘီးကလပ်၏ကူညီမှုဖြင့် မန္တလေးမြို့ ရေတံခွန်တောင်တက်ဖိတ်ခေါ် Mountain Bike(XC) တောင်တက်ပြိုင်ပွဲ၊ တောင်ဆင်း လမ်းကြမ်း Downhill ပြိုင်ပွဲများကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ ဝါသနာရှင်များအနေဖြင့် ပါဝင်ယှဉ်ပြိုင်လိုပါက ဖုန်း ၀၉-၂၀၂၈၄၈၁၊ ၀၉-၂၀၂၂၀၈၄၊ ၀၉-၅၁၆၂၃၂၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

SUPER SEAT
အကြီးဆုံး ထိုင်ခုံ
အကျယ်ဝန်းဆုံး နေရာ
အတန်ဆုံး ကားလက်မှတ်ခ
အကောင်းဆုံး ရှစ်ဘီးကားသစ်
ရန်ကုန် - မန္တလေး သွားရင်
ဂျေဂျေ ပဲရွေးစီးမယ် JJ Express
Ph-09 977181230

ပညာရေးဝန်ကြီးဌာန
ကွန်ပျူတာတက္ကသိုလ်(သထုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) လက်တွေ့ခန်းသုံးပစ္စည်းများနှင့်စက်ပစ္စည်းများ (၁၆)မျိုး
(ခ) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (၁၅)မျိုး
(ဂ) ရုံးသုံးပရိဘောဂများ (၉)မျိုး
၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၈-၂၀၁၆ရက်၊ ၁၅း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ် (သထုံ)
၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကွန်ပျူတာတက္ကသိုလ် (သထုံ) ဖုန်း-၀၉-၅၃၂၂၅၈၄၊ ၀၉-၄၂၅၂၇၀၁၉၆ တွင် စုံစမ်းနိုင်ပါသည်။
**ဝယ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(သထုံ)**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
(နယ်အသင်းခွဲများသို့အသိပေးခြင်း)
(၆၈)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျင်းပပူဇော်နိုင်ရေးအတွက် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ အသင်းခွဲ (၃၂၄၅)သင်းသို့ ရန်ကုန်မြို့စာတိုက်ကြီးမှ ၁၄. ၇. ၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပြီးဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာစာတိုက်များနှင့် ဆက်သွယ်ထုတ်ယူနိုင်ပါရန် လေးစားစွာ အကြောင်းကြားအပ်ပါသည်။
အမှုဆောင်အဖွဲ့

အိမ်ရောင်းမည်
မြောက်ဒဂုံ(၅၀)ရပ်ကွက်၊ ရာဇသင်္ကြန် လမ်းမကြီးကျောကပ်၊ ကြိုးတံတားအနီး ၁၀ ပေ၊ ပေ ၆၀ နှစ်ထပ်တိုက်၊ ရေမီး၊စုံ (အသင့်နေရုံသာ)
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၈၉၃၈၉၊ ၀၉-၇၇၃၄၇၀၃၇**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ်/အကွက်အမှတ် (၆၆၅-D)၊ ကညင်ပင်ချောင်း(တောင်)၊ ဦးပိုင်အမှတ် (၁၃၄/က)၊ မြေအမျိုးအစား (R.1) (R.2)၊ အကျယ်အဝန်း ဧရိယာ ဝဒသမ၉၂ရှိ လယ်ယာမြေကွက်ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးရွှေအောင် ၁၂/သကတ(နိုင်)၀၉၆၀၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ထက်ထက်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၉၄၆)**
**ဖုန်း-၀၉-၇၃၁၁၉၆၈၅၊ ၀၉-၉၇၃၁၁၉၆၈၅**

ငါးမွေးမြူရေးကန်
အထူးအကျိုးဆောင်လုပ်ငန်း
ရောင်းသူ ၊ ဝယ်သူ ၊ ငှားရမ်းလိုသူများ ဆက်သွယ်ရန်
09 773 773 503 , 09 773 773 403

'သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။'
ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training
၂၀၁၆ ခု၊ အပါတ်စဉ်(၄၁)၊ ဩဂုတ်လ (၃)ရက်နေ့ဖွင့်ပြီ
ရောင်နီဦး
AURORA
ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း
အမှတ် ၁၄၊ ဖဂ်မလမ်း၊ (၅)ရပ်ကွက်၊ (ရုပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-73235126, 09-43163080, 09-43170116
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09-43187831, 09-420317778

# တရားသူကြီးကောင်းတို့ဟူသည်

**မောင်စာဂ**

တရားသူကြီးကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်ပါသလဲလို့ မေးသည့်အခါ တရားသူကြီးကောင်းတစ်ယောက်ဖြစ်ဖို့ဆိုလျှင် ဥပဒေစိတ်ထားရှိဖို့က အဓိက အချက်ပါပဲလို့ ဖြေဆိုချင်ပါသည်။

### ဥပဒေစိတ်ထား

ဥပဒေစိတ်ထားဟူသည် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မှန်ကန်မျှတမှုကိုလိုလားခြင်း၊ တရားသဖြင့်ဖြစ်စေမှုကို အလေးထားခြင်း၊ အညီအမျှဖြစ်မှုကို မြတ်နိုးခြင်း၊ ချိန်ခွင်လျှာပမာတည့်မတ်မှန်ကန်မှုကို တန်ဖိုးထားခြင်း၊ ဘက်လိုက်မှု၊ ခွဲခြားမှုကိုရွံမုန်းတတ်ခြင်း၊ မတရားမှုမမှန်ကန်မှုပြုရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းစသည်တို့သည် ဥပဒေစိတ်ထား၏ အခြေခံများဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

### တရားသူကြီး

တရားသူကြီးဟု ဘာကြောင့်ခေါ်ရသနည်း။ တိုတိုရှင်းရှင်းနှင့် နားလည်လွယ်အောင်ပြောပါမည်။ တရားသဖြင့်ဖြစ်စေခြင်းကို အဆုံးအဖြတ်ပေးရသူ၊ တရားမျှတစွာ အဆုံးအဖြတ်ပေးရသူ၊ အမှန်တရားကိုအဆုံးအဖြတ်ပေးရသူ၊ တစ်နည်းအားဖြင့် တရားသည့်သူဖြစ်ခြင်းကြောင့် တရားသူကြီးဟု ခေါ်ဆိုရခြင်းဖြစ်သည်။

### တရားလို၊ တရားခံ

တရားစီရင်မှုတစ်ခုတွင် ရာဇဝတ်မှုခင်းများဆိုပါက တရားလိုရှိသည်၊ တရားခံရှိသည်။ တရားလိုသည်ကား တရားသဖြင့်ဖြစ်စေခြင်းကို အလိုရှိသူ၊ တရားမျှတခြင်းကို အလိုရှိသူ၊ အမှန်တရားကိုအလိုရှိသူ၊ တစ်နည်းအားဖြင့် တရားကိုအလိုရှိသူဖြစ်ခြင်းကြောင့် တရားလိုဟု ခေါ်ဆိုသည်။ တရားခံဟူသည်ကား တရားသဖြင့်အဆုံးအဖြတ်ကို ခံယူရမည့်သူ၊ တရားမျှတခြင်းကိုခံယူရမည့်သူ၊ အမှန်တရားကိုခံယူရမည့်သူ၊ တစ်နည်းအားဖြင့် တရားကိုခံယူရမည့်သူဖြစ်ခြင်းကြောင့် တရားခံဟု ခေါ်ဆိုသည်။

### တရားပြိုင်

တရားမမှုခင်းများတွင်ကားတရားခံဟုမသုံး။ တရားပြိုင်ဟုသုံးနှုန်းသည်။ အဘယ်ကြောင့်ပါနည်း။ တရားလိုက စွဲဆိုသောတရားကို သူမှန်၊ ကိုယ်မှန်ပြိုင်ဆိုင်ရမည့်သူဖြစ်ခြင်းကြောင့် တရားပြိုင်ဟူ၍ခေါ်ဆိုသုံးနှုန်းခြင်းဖြစ်သည်။

### မွန်မြတ်သောလုပ်ငန်းဖြစ်ခြင်း

တရားသူကြီးများ၏လုပ်ငန်းတာဝန်များသည် မွန်မြတ်သည်။ ဂုဏ်ယူထိုက်သည်။ အဘယ်ကြောင့်ပါနည်း။ တရားသူကြီးများသည် အခင်းဖြစ်ပွားကြသော အမှုသည်များ၏အကြားတွင် အမှန်တရားကိုရှာဖွေရသည်။ ဥပဒေနှင့်အညီ မှန်ကန်သည့်အမိန့် တရားသဖြင့် ဖြစ်စေသည့်အမိန့်၊ တရားမျှတသည့်အမိန့်မျိုးကို ချမှတ်ပေးရသည်။

အမှန်တရားကိုရှာဖွေရာ၌ တရားလိုနှင့် တရားလိုပြသသောသက်သေများကို စစ်ဆေးပေးရသည်။ တရားခံနှင့် တရားခံပြသက်သေများကို စစ်ဆေးပေးရသည်။ တရားမမှုခင်းများဆိုက တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများကို စစ်ဆေးပေးရသည်။ နှစ်ဖက်အမှုသည်များ တင်ပြသော သက်သေခံအထောက်အထား အချက်အလက်၊ စာရွက်စာတမ်းများကို သက်သေခံချက်များအဖြစ်စုစည်းရသည်။ နှစ်ဖက်အမှုသည်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာရသည်။ နားထောင်ပေးရသည်။ ပြီးလျှင် အဆုံးအဖြတ်ပေးရသည်။

ဤသည်မှာ တရားစီရင်ရေးမှုခင်းတစ်ခု၏ စစ်ဆေးစီရင်မှုလုပ်ငန်းစဉ် အကျဉ်းမျှသာဖြစ်သည်။ အသေးစိတ်လျှင်ကျယ်ပြန့်သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို တွေ့ရပေမည်။ အဆင့်ဆင့်တိုင်းတွင် ဥပဒေနှင့်အညီ ဖြစ်စေရသည်။ ဥပဒေကိုကျွမ်းကျွမ်းကျင်ကျင်ကောင်းစွာသိမြင်သိရှိနေကြရမည်။ မှုခင်းဖြစ်စဉ်အရ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လစသည်ဖြင့် ကြာတတ်သည်။ စစ်ဆေးစီရင်မှုတစ်လျှောက်လုံး တရားစီရင်မှုတွင်ပါဝင်ပတ်သက်နေသော အမှုသည်များ၊ ရှေ့နေများ၊ သက်သေများနှင့် ကောင်းမွန်စွာဆက်ဆံတတ်ကြရသည်။ မှုခင်းများမှန်မှန်နှင့်မြန်မြန်ပြီးမြောက်စေရေးအတွက် ကောင်းစွာကြံစည်တွေးတောရသည်။ အားထုတ်ရသည်။ အမှန်နှင့်အမှား၊ တရားမှုနှင့် မတရားမှုတို့ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်ကြရသည်။ ထိုသို့သုံးသပ်နိုင်ရေးအတွက် ဥပဒေစိတ်ထားရှိကြရသည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဆိုသည့် အဂတိတရားကင်းစင်ကြရသည်။ သို့ဆိုလျှင် အမှန်တရားကို ကောင်းစွာ အဆုံးအဖြတ်ပြုနိုင်ကြပေမည်။ မိမိ၏အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းသည်လည်း ကောင်းသောအသက်မွေးဝမ်းကျောင်းမှု ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် တရားသူကြီး၏လုပ်ငန်းတာဝန်များသည် မွန်မြတ်သည်၊ ဂုဏ်ယူထိုက်သည်ဟု ဆိုရခြင်းဖြစ်သည်။

### မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုကျင့်ကြံပြီးဖြစ်နေခြင်း

တရားသူကြီးကောင်းတို့မည်သည် မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကျင့်ကြံပြီးနေသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်နည်း-

ကောင်းစွာသိမြင်မှုရှိခြင်း၊ ကောင်းစွာကြံစည်မှုရှိနေခြင်းတို့ကြောင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်နှစ်ပါးကို ဖြည့်ဆည်းအားထုတ်ရာရောက်၏။

ကောင်းစွာပြောဆိုမှုရှိခြင်း၊ ကောင်းစွာပြုလုပ်မှုရှိခြင်း၊ ကောင်းစွာအသက်မွေးမှုရှိခြင်းတို့ကြောင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော မဂ္ဂင်သုံးပါးကို ဖြည့်ဆည်းအားထုတ်ရာရောက်၏။

ကောင်းစွာအားထုတ်မှုရှိခြင်း၊ ကောင်းစွာအောက်မေ့မှုရှိခြင်း၊ ကောင်းစွာတည်ကြည်မှုရှိခြင်းတို့ကြောင့် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော သမာဓိမဂ္ဂင်သုံးပါးကို ဖြည့်ဆည်းအားထုတ်ရာရောက်၏။

ဤမဂ္ဂင်ရှစ်ပါးအကျင့်တရားလမ်းစဉ်သည် တစ်ခုတည်းသော နိဗ္ဗာန်ရောက်ကြောင်းအကျင့်တရားလည်းဖြစ်သည်ကို ဗုဒ္ဓမြတ်စွာဘုရား ဟောမိန့်ထားသည်။

မဂ္ဂင်တရားနှင့်ယှဉ်သော ဤစိတ်ထားမျိုးထားကြလျှင် တရားသူကြီးကောင်းများ ဖြစ်ကြပေမည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းလှကြမည်။ ပစ္စုပ္ပန်သံသရာ အပြစ်ကင်းသည်။ သံသရာအတွက်စိတ်ချရသည်။

### ဒေါက်တာမောင်မောင်၏ရေးသားချက်

ဒေါက်တာမောင်မောင်၏ "တရားဥပဒေအထွေထွေဗဟုသုတ" (တတိယအကြိမ်မြောက်) စာအုပ်၏အခန်း ၁၃ "တရားသူကြီး" ခေါင်းစဉ်အောက်တွင်ပါရှိသော ရေးသားချက်များက ဤသို့ရှိသည်-

"အဂတိတရားလေးပါးကင်း၍ သီလသမာဓိရှိလျှင် တရားသူကြီးကောင်းဖြစ်သည်။ လူသားမျှသာဖြစ်ကြ၍ အရည်အချင်းအပြည့် အလုံးစုံပြည့်စုံနိုင်မည်မဟုတ်။ သို့ရာတွင် စုံနိုင်သမျှစုံလျှင်ကောင်းသည်။ ပို၍စုံအောင်မပြတ်ကြိုးစားနေရသည်။"

ဘိုးတော်မင်းတရားလက်ထက်က ထုတ်ပြန်သော အမိန့်တော်စာတမ်းတွင် ဤသို့ဖွင့်သည်-

"နိုင်ငံတော်အတွင်း စီရင်ခင်းစီရင်ဖွယ်လည်း အလွန်များပြားစွာရှိသည်။ အဂတိလေးပါးသို့လိုက်၍ မစူးမစမ်း၊ မစိမစစ်စီရင်လျှင် အမှုမှန်ရာမဖြစ်၊ စီရင်သူလည်း ပစ္စုပ္ပန်၊ သံသရာအပြစ်နှစ်ပါးမကင်းမလွတ်ရှိသည်။ အဂတိလေးပါးသို့လိုက်၍ မစီရင်နှင့်။"

အင်္ဂလန်နိုင်ငံတွင် တရားဝန်ကြီးတစ်ဦးအား တရားလွှတ်တော်တရားသူကြီးတို့တွင် ရှိအပ်သော အဓိကအရည်အချင်းသုံးရပ်ကိုပြောပါမေးရာ မဆိုင်းမတွပင် "ရိုးသားခြင်း၊ ရိုးသားခြင်း၊ ရိုးသားခြင်း" ဟူ၍ ပြောဖူးသည်။

ရိုးသားခြင်းဟုဆိုရာ ဆန္ဒာဂတိကင်းခြင်းကိုသာမဆို။ ကြောက်၍၊ အမျက်ဒေါသထွက်၍၊ တွေဝေမိန်းမော၍ မဟုတ်မမှန်စီရင်ခြင်းဟူသမျှ ကင်းစင်ခြင်းကိုခြုံ၍ဆိုခြင်းဖြစ်သည်။

**မှုခင်းများမှန်မှန်နှင့် မြန်မြန်ပြီးမြောက်စေရေးအတွက် ကောင်းစွာ ကြံစည်တွေးတောရသည်။ အားထုတ်ရသည်။ အမှန်နှင့် အမှား၊ တရားမှုနှင့် မတရားမှုတို့ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်ကြရသည်။ ထိုသို့ သုံးသပ်နိုင်ရေးအတွက် ဥပဒေစိတ်ထားရှိကြရသည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဆိုသည့် အဂတိတရား ကင်းစင်ကြရသည်**

တရားသိလျက်တရားမရှိသူသည် တရားသူကြီးကောင်းမဖြစ်၊ တရားရှိ၍ ကောင်းစွာလေ့လာစိစစ်လျှင် တရားသိနိုင်သည်။ တရားမျှတမှုကိုပြုနိုင်သည်။

စာသာတတ်၍လူမတတ် ဂါဟသတ်တတ်သည်။ လူသာတတ်၍ စာမတတ်၊ ဂါဟပြတ်တတ်သည်။

စွဲလမ်းတပ်ငြိခြင်း၊ ဖမ်းယူကိုက်စားခြင်းသည် ဂါဟမည်၏။ ဂါဟတရားသည် တရားမျှတမှု၏ ရန်သူဖြစ်သည်။

ဒေါက်တာမောင်မောင်၏ဤရေးသားချက်ကို အမြဲနှလုံးသွင်းထားအပ်သည်။

### ဓမ္မသတ်၊ ပါပသတ်

မနုကျယ်ဓမ္မသတ်တွင် ဓမ္မသတ်နှင့် ပါပသတ်ဟူ၍ တရားနှစ်ပါး ဖော်ပြထားသည်ကို တွေ့ရသည်။

"မင်းကြီးလူတို့တွင်စီရင်ကြသည့်အကြောင်းနှစ်ပါးတည်း။ နှစ်ပါးဟူသည်ကား ဓမ္မသတ်၊ ပါပသတ်ဟူ၍ နှစ်ပါးရှိသည်။ ဓမ္မသတ်မှာ ရှေးရှေးသောကမ္ဘာအဆက်ဆက်မင်းကောင်း၊ မင်းလျာတို့ကျင့်တမ်းနှင့်အညီ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော မဂ္ဂင်ရှစ်ပါးကိုယှဉ်၍ စီရင်ဆုံးဖြတ်သည်ကို ဓမ္မသတ်ဆိုသည်။"

"ပါပသတ်ဟူသည်ကား ငါမင်းဖြစ်သည်၊ အစိုးရသည်တကားဟု အပိုင်အနိုင်လုယူသိမ်းဖျက်ခြင်း၊ သေတန်သောသူ မသေတန်သောသူ၊ ဖြတ်တတ်သောသူ၊ မဖြတ်တတ်သောသူ၊ လျော်ကန်သောသူ၊ မလျော်ကန်သောသူနေရာမှ နိမ့်တန်သောသူ၊ နေရာမှမနိမ့်တန်သောသူ၊ ထိုဆိုခဲ့ပြီးသမျှကိုမချင့်၊ မဆင်ခြင်စီရင်လေ့လာပြုသောအရာကို "ပါပသတ်" ဟူသတည်း။

"ပါပသတ်ကိုပယ်၍ ဓမ္မသတ်နှင့်စီရင်ရာ၏။"

### တရားသူကြီးမည်ထိုက်သူနှင့် မမည်ထိုက်သူ

မနုကျယ်ဓမ္မသတ်ကျမ်းမှပင် တရားသူကြီးမည်ထိုက်သူ ငါးဦးနှင့် တရားသူကြီးမမည်ထိုက်သူခုနစ်ဦးတို့ကို နှိုင်းယှဉ်ဖော်ပြထားချက် တွေ့ရသည်။

" မြတ်သောမင်းကြီး၊ တရားစီရင်သောသူငါးဦးတည်း။ ငါးဦးဟူသည်ကား...။
- တရားဆယ်ပါးကို စောင့်၍စီရင်သည့်တရားသူကြီးတစ်ဦး။
- ဓမ္မသတ်ထွက်နှင့်အညီ စီရင်သည့်တရားသူကြီးတစ်ဦး။
- ဓမ္မသတ်တွင် ငရဲလွတ်ရာကိုစီရင်သည့်တရားသူကြီးတစ်ဦး။
- မျက်စေ့ကန်းသောသူသည် တောင်ဝှေးပဲကိုင်စွဲသူနှင့်သွား၍ ခရီးကောင်းရောက်ဘိသကဲ့သို့ စီရင်သောတရားသူကြီးတစ်ဦး။
- ချိန်ခွင်လျှာကဲ့သို့ တည့်မတ်စွာစီရင်သောတရားသူကြီးတစ်ဦး။

ဤငါးယောက်သည်ကား တရားသူကြီးမည်ရာ၏"

"တရားသူကြီးမမည်ရာသူ ခုနစ်ယောက်တည်း။ ဤခုနစ်ယောက်ဟူသည်ကား-
- အမျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲအနိုင်ပေးခြင်းတစ်ပါး။
- ကြေးငွေ၊ တံစိုး၊ အများပေး၍ရှုံးမည့်သူကို အနိုင်စီရင်ခြင်းတစ်ပါး။
- အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကိုအနိုင်စီရင်ခြင်းတစ်ပါး။
- သေဘေးမျက်ဘေးကိုကြောက်၍ ရှုံးမည့်သူကိုအနိုင်စီရင်ခြင်းတစ်ပါး။
- ရန်သူဖြစ်သည်ဟု နိုင်အံ့သည်ကိုအရှုံးပေးခြင်းလည်းတစ်ပါး။
- ဟုတ်သည် မဟုတ်သည်ကိုမသိမြင်၍ စီရင်ခြင်းလည်းတစ်ပါး။
- ဟုတ်သည် မဟုတ်သည်ကိုသိလျက်၊ လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟု အာဏာပေးကာ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးလည်းတစ်ပါး။

ဤခုနစ်ယောက်တည်း။"

"ဤခုနစ်ယောက်သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟသို့လိုက်၍ စီရင်သည်ကို ပြည့်ရှင်မင်း ဇေရာဇ်အမတ်သူတော်ကောင်းနှင့်တိုင်ပင်၍ တိုင်းပြည်မှနှင်ထုတ်အပ်၏။ စီရင်၍ပြီးရာကုန်ကျသမျှကိုလည်း ပြန်စေရာ၏။ သို့မှပြည်ရွာတိုင်းကား သာယာမည်။ မင်းစသောသူကြီးဆိုပြီးခဲ့သည့် ငါးယောက်သောသူတို့သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟသို့မလိုက်မူ၍ လမ်းဟောင်းနှင့်စီရင်သည်။ အမှုသည်တို့ပြစ်မှားလျှင် ဝတ္ထုရင်းတွင် နှစ်ဆထက် ၎င်းအမှုသည်တို့က ပေးလျော်စေ၏"

### အသိနှင့်အကျင့် ထပ်တူဖြစ်စေ

အခြားအခြားသော ဓမ္မသတ်အများအပြားတွင်လည်း တရားသူကြီးဖြစ်ထိုက်သူ၊ မဖြစ်ထိုက်သူ၊ တရားသူကြီးတို့လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ တရားသူကြီးတစ်ဦးဖြစ်ထိုက်သည့် အင်္ဂါရပ်များကို ရေးသားထားကြသည်။ ဥပဒေပညာသင်ယူစဉ်က ဆရာများကပို့ချ၍ မှတ်သားထားခဲ့သည်။ အင်မတန်မှနှစ်ခြိုက်စရာကောင်းသော ပို့ချချက်များဖြစ်သည်။ လုပ်ငန်းခွင်ဝင်ရောက်သည့်အခါတွင် မိမိကလည်း တစ်ဖန်ပို့ချမှုများ၊ ဟောကြားမှုများပြုလုပ်ရပြန်သည်။ ဓမ္မသတ်ကျမ်းလာ ဤအကြောင်း အချက်တို့ကို ဥပဒေလောကသားများ၏ ရင်ထဲတွင် ကိုယ်စီကိုယ်စီသိရှိနေကြပြီးဖြစ်သည်။ ပြောနေကြသည်။ ရေးနေကြသည်။ ဖတ်နေကြသည်။ သို့သော် သိသာသိနေကြသည်။ ပြောသာပြောနေကြသည်။ ရေးသာရေးနေကြသည်။ လက်တွေ့ကျင့်ကြံဖို့ကား ခဲယဉ်းနေကြ၏။ အလှမ်းဝေးနေကြ၏။ အသိနှင့်အကျင့် တစ်ထပ်တည်းဖြစ်မနေ။ သိတာတခြား ကျင့်တာတခြား ဖြစ်နေသည်။ တစ်ထပ်တည်းဖြစ်မနေသည့်တိုင် တစ်သီးတခြားဖြစ်မနေလျှင်ပင် ကျေနပ်စရာ ဂုဏ်ယူစရာဖြစ်ပါမည်။

### ဆရာဦးဘမောင်၏ဆုံးမစကားများ

စာရေးသူသည် ၁၉၇၃ ခုနှစ်တွင် ဥပဒေဝန်ထမ်းအဖြစ် အလုပ်စတင်ဝင်ရောက်သည့်အချိန် ရန်ကုန်တိုင်း လှိုင်မြို့နယ် ဥပဒေရုံးတွင် တာဝန်ချထားခံရ၏။ ထိုစဉ်က ရန်ကုန်တိုင်းဥပဒေရုံးတာဝန်ခံ ဥပဒေဝန်ထမ်းသည် ဆရာဦးဘမောင်ဖြစ်သည်။ ခရိုင်ရာဇဝတ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အမိန့်ကို ထုတ်ပြန်သည့်အခါ "ပုံ-ဘမောင်" ဟူ၍ အမိန့်များထုန်ပြန်ခဲ့ခြင်းကြောင့် "ပုံ-ဘမောင်" ဆိုကာ လူသိများခဲ့သည်။ ဥပဒေပညာတွင် ကျွမ်းကျင်၍စိတ်ထားဖြူစင်ရိုးသားမှုတို့ကြောင့် အများ၏ကြည်ညိုလေးစားမှုကို ရရှိခဲ့သူဖြစ်သည်။

ဆရာ၏ဥပဓိရုပ်သည် အမြဲတည်ကြည်နေ၏။ ရွှင်လန်းနေ၏။ လေးစားဖွယ်ကောင်း၏။ ကြည်ညိုဖွယ်ထိုက်၏။ လုပ်ငန်းခွင်စတင်ဝင်ရောက်သည့် ဥပဒေဝန်ထမ်းများအား မကြာမကြာဆုံးမဩဝါဒစကားများ ပြောကြားလေ့ရှိ၏။ ဆရာ၏ဆုံးမစကားများမှာ များပြားလှ၏။ မှတ်သားထားမိခဲ့သည်များထဲက အကျဉ်းမျှ ပြန်လည်ပြောပြချင်ပါ၏။ ဆရာက-

"ဥပဒေကိုလေးစားပါ။ လိုက်နာပါ။ ဥပဒေအပေါ်သစ္စာရှိပါ။ ဥပဒေကို လေးစားလိုက်နာက ဥပဒေအပေါ် သစ္စာရှိရာရောက်သည်။"

"ဥပဒေကိုဖတ်ပါ။ လေ့လာပါ။ အလုပ်ကိုကြိုးစားပါ။ ဥပဒေနှင့်အညီဖြစ်ပါစေ။ ဥပဒေကိုတန်ဖိုးထားပါ။ ဥပဒေကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးမချပါနှင့်။"

"ဥပဒေကိုအလွဲသုံးစားလုပ်ပြီး မမှန်မကန်တာ၊ မဟုတ်တာတွေမလုပ်ပါနှင့်။ မမှန်ကန်တာ၊ မဟုတ်တာတွေလုပ်မည်ဆိုလျှင် လက်ငင်းမှာပင် ကောင်းစွာအိပ်၍မရ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်။ ပူပန်မှုတွေဖြစ်နေမည်။ အမြဲတစေထိတ်လန့်နေမည်။ လူကြားသူကြားထဲတွင် ရဲရဲဝံ့ဝံ့မရှိ။ ညှိုးငယ်နေတတ်သည်။ သိမ်ငယ်နေတတ်သည်။ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာစလုံးတွင် ကောင်းကျိုးမပေးတတ်၊ ဆင်းရဲတတ်သည်။

"မိမိကိုယ်ကိုသန့်ရှင်းအောင်နေပါ။ အမြဲလိပ်ပြာသန့်နေပါစေ။ မိမိအိမ်ကိုလည်း သန့်ရှင်းနေပါစေ။ သန့်ရှင်းသောအိမ် ဖြစ်နေပါစေ။ အမှိုက်သရိုက်မကောင်းဆိုးဝါးတွေ အဝင်မခံမိပါစေနှင့်။ ဝင်လာမည်ဆိုရင် အပူအပင်များနှင့်ကြုံတွေ့ရတတ်သည်။ အိမ်တွင်းရေး အဆင်မပြေမှုတွေ ဖြစ်တတ်သည်။ ရောဂါဘယ ထူပြောတတ်သည်။ ငွေကုန်ကြေးကျများတတ်သည်။ မသန့်ရှင်းသောငွေ ၁၀၀ ကျပ်ဝင်လာပါက ဝမ်းမသာပါနှင့်။ လက်မခံပါနှင့်။ အိမ်တွင် စုဆောင်းထားပြီးဖြစ်သော ငွေ ၂၀၀ ကျပ်ကို ပြန်လည်ခေါ်ထုတ်သွားတတ်သည်။ သတိထားပါ။ ဆင်ခြင်ပါ။

ဤသည်မှာ ဆရာ၏သွန်သင်ဆုံးမပေးခဲ့သည့် ဥပဒေစကားများဖြစ်သည်။ ရင်ထဲမှာအမြဲစွဲနေပါသည်။ မေ့ပျောက်၍မရခဲ့။

ဆရာသည် အပြောနှင့်အလုပ်ညီ၏။ အသိနှင့်အကျင့်ထပ်တူကျ၏။ ဆရာ၏ ဥပဒေစိတ်ထားသည် လွန်စွာမွန်မြတ်လှပေ၏။ ဂုဏ်ယူမဆုံးဖြစ်ရ၏။

ဆရာသည် အသက် ၈၂ နှစ်အရွယ်တွင်ကွယ်လွန်သွားခဲ့၏။ ထိုထိုသောအချိန်က ရန်ကုန်ကဲ့သို့သောခရိုင်ရာဇဝတ် တရားသူကြီးတစ်ဦးအနေဖြင့် တာဝန်များဆောင်ရွက်ခဲ့ရာတွင် မည်သို့သောဩဇာအာဏာများ၊ မည်သို့သောလုပ်ပိုင်ခွင့်များ ရှိခဲ့သည်ကို အထူးပြောစရာလိုမည်မထင်ပါ။ တရားစီရင်ရေးအာဏာရှိသလို အုပ်ချုပ်ရေးအာဏာကလည်း ရှိသည်။ သို့ရာတွင် ဆရာ့တွင်ကား ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှု မရှိခဲ့။ ဆရာမကွယ်လွန်မီ တစ်နှစ်ခန့်အလိုတွင် ဆရာ့အားနောက်ဆုံးသွားရောက်ဂါရဝပြုခဲ့၏။ ဆရာသည် အသက်အရွယ်ကြီးရင့်သွားသော်လည်း အိုဆိုးခြင်းမရှိ၊ မလွန်ဆန်နိုင်သော ဇရာ၏ဖိစီးမှုဒဏ်ခံရသော်လည်း ဆရာ၏မျက်နှာသည် ယခင်ကကဲ့သို့သန့်ရှင်းနေ၏။ ကြည်လင်နေ၏။ တောက်ပနေ၏။ ဆရာ့အသံကမာနေသည်။ ဆရာ့ထံက ဆုံးမစကားများကို ထပ်မံနာယူခွင့်ရ၏။

ဆရာသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းမရှိသော်လည်း အကျင့်သိက္ခာ၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာတွေကောင်းမှု ကုသိုလ်တွေအမြောက်အမြားကြွယ်ဝချမ်းသာခဲ့၏။ ဆရာသည် ပစ္စည်းဥစ္စာ၊ စည်းစိမ်တွေချန်မထားနိုင်ခဲ့သော်လည်း ကောင်းမှုကုသိုလ်အမွေတွေ၊ အဆုံးအမတွေ၊ ပညာတွေ ချန်ထားခဲ့နိုင်၏။ သူနှင့်တစ်ပါးတည်း ကောင်းမှုကုသိုလ်တွေ အမြောက်အမြား သယ်ဆောင်သွားနိုင်ခဲ့၏။ လူသာသေသည် နာမည်မသေဆိုသောဆိုရိုးစကားအတိုင်း ဆရာ၏နာမည်ဂုဏ်သတင်းသည်ကား ဘယ်တော့မှမသေ ဝံ့ကြွားလျက်ရှိနေပေတော့၏။

ဆရာကဲ့သို့အသိနှင့်အကျင့်ထပ်တူရှိနေခဲ့သည့် ဆရာတွေ၊ ထပ်တူရှိနေကြသည့် ဆရာတွေအများကြီးရှိနေကြမည်ကို ယုံကြည်သည်။ မိမိထက်တစ်ရက် တစ်မနက်အသက်အရွယ်ကြီးသော ထိုထိုသောပုဂ္ဂိုလ်များအား အစဉ်အမြဲဂါရဝပြုနေမိသည်။ အသက်အရွယ်တူညီကြသော ထိုထိုသောပုဂ္ဂိုလ်များကို အမြဲလေးစားနေမိသည်။ အသက်အရွယ်ငယ်ရွယ်ကြသော ထိုထိုသော ပုဂ္ဂိုလ်များကို ဂုဏ်ယူဝမ်းမြောက်စွာ လှိုက်လှိုက်လှဲလှဲသာဓုခေါ်ဆိုနေမိသည်။ တရားသူကြီးကောင်းတွေ တိုး၍ တိုး၍ ပေါ်ထွက်လာကြပါစေ။

နိဂုံးချုပ်ရလျှင် တရားသူကြီးကောင်းတစ်ယောက်ဖြစ်ဖို့ လိုအပ်သည့် အဓိက အရည်အချင်းသုံးရပ်ကို ပြောပါဟုမေးလာလျှင် မိမိကတော့မဆိုင်းမတွပင် "ဥပဒေစိတ်ထားရှိခြင်း"၊ "ဥပဒေစိတ်ထားရှိခြင်း"၊ "ဥပဒေစိတ်ထားရှိခြင်း" ဟူ၍ ဖြေဆိုမိမှာ အမှန်ပင်ဖြစ်ပေတော့သည်။

# ဒေသနှင့်ကိုက်ညီပြီး ကုန်ကျစရိတ်နည်းပါးစွာ ပြုလုပ်ထားသည့် မူလတန်းကျောင်းကစားကွင်း

**ဖြိုးဝေ(ဆင်တဲ)**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာရှိ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၌ ဆိုင်ကယ်နှင့် ကားတာယာအဟောင်းများကို အသုံးပြုကာ KG ကစားကွင်းတစ်ခုကို ဖန်တီးထားသည်ကို တွေ့ရသည်။ ဆေးရောင်စုံဖြင့် အလှဆင်ထားသည့် အဆိုပါ ကစားကွင်းကို ပြုလုပ်ရာတွင် အင်တာနက်လူမှုကွန်ရက်မှ တွေ့ရသည့်ပုံကို နမူနာယူကာ ဒေသနှင့်ကိုက်ညီအောင် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တန်ဖိုးအားဖြင့် ကုန်ကျစရိတ်နည်းပါးသော်လည်း ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို များစွာအထောက်အကူပြုသည့်အတွက် ကလေးကစားကွင်းကို စီစဉ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ပြောပြသည်။

ဆိုင်ကယ်တာယာများကို ကြိုးများဖြင့် ချိတ်ဆက်ချည်နှောင်ထားပြီး အမြင့်ရောက်အောင် ခိုတက်နိုင်ရန် တွဲခိုစင်တစ်ခုအဖြစ် စီစဉ်ပြုလုပ်ထားပြီး ကားတာယာများကိုမူ လိုဏ်ခေါင်းတစ်ခုသဖွယ် ဖန်တီး၍ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ဝင်ထွက်ကစားနိုင်ရန် စီစဉ်ထားသည်။ ထို့အပြင် ကစားကွင်းထဲတွင် သစ်တုံးများကို ဆေးရောင်စုံဖြင့်ခြယ်မှုန်း၍ အနိမ့်မှအမြင့်သို့ တက်ရောက်ကစားနိုင်ရန်အတွက်လည်း ပြုလုပ်ပေးထားသည်။

“ဒီကစားကွင်းလေးထဲမှာ ကစားခဲ့သလို အမြင့်ကို တွဲခိုတက်ရတာဆိုတော့ ကလေးတွေကြီးလာရင် အမြင့်ကို မကြောက်တော့ဘူး၊ ပြီးတော့ ဆိုင်ကယ်တာယာတွေနဲ့ လုပ်ထားတဲ့ တွဲတက်ရတဲ့စင်က လှုပ်အောင် လုပ်ထားတယ်။ ကလေးတွေကို လှုပ်လှုပ်ရှားရှားလေးနဲ့ ရသတစ်မျိုး ခံစားရအောင် လုပ်ပေးထားတာပါ၊ နောက်ပြီး ကလေးတွေက ကစားနည်းကိုပဲ မဟုတ်ဘဲနဲ့ အခက်အခဲလေးတွေ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ကျော်လွှားချင်တဲ့ စိတ်ဓာတ်လေးတွေ ဖြစ်လာအောင် ရည်ရွယ်ပြီးတော့ သစ်တုံးတွေကို လှေခါးထစ်တွေလို အနိမ့်မှ တဖြည်းဖြည်း အမြင့်အထိ လုပ်ဖြစ်ခဲ့တာပါ”ဟု ဆရာမကြီးက ဆက်လက်ပြောပြသည်။

အဆိုပါ ကစားကွင်းလေးကို ကျောင်းအုပ်ဆရာမကြီးက ဦးစီး၍ ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့်အတူ ကျောင်းသားမိဘများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ “ရောင်စုံသုတ်ထားတဲ့ဆေးဖိုး လေးသောင်းကျော်နဲ့ ကြိုးဖိုး တစ်သောင်းကျော် ကုန်ကျပါတယ်။ အောက်ခြေမှာလည်း ကလေးတွေ အန္တရာယ်ကင်းအောင် သဲတွေ ထူထူခင်းရပါတယ်။ ကုန်ကျငွေ နှစ်သိန်းကျော်လောက် ကုန်ကျပါတယ်”ဟု ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ဆိုသည်။

ကစားကွင်းတွင် လက်ရှိအချိန်၌ KG ကလေးငယ်များသာမက ဒုတိယတန်းကလေးငယ်များအထိ ဆော့ကစားခွင့်ပေးထားပြီး ကစားနေစဉ်အတွင်း ကလေးများ အန္တရာယ်ကင်းစေရန် အနီးအနားတွင် ကြီးကြပ်ဆရာမတစ်ဦးကိုလည်း အမြဲထားရှိကာ စောင့်ကြည့်စေကြောင်း၊ အဆိုပါ ကလေးကစားကွင်းတွင် လျှောစင်တစ်ခုကို ထပ်မံပြုလုပ်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ သူငယ်တန်း (KG) သင်ကြားမှုတွင် စာသင်ခြင်းဦးစားပေးသည့်အစား ကလေးငယ်များ ကျောင်းနေပျော်၍ ပတ်ဝန်းကျင်လေ့လာလိုစိတ်ရှိစေရန်၊ အများနှင့် လိုက်လျောညီထွေနေတတ်စေရန်တို့ကို ပုံစံပြောင်းလဲကာ သင်ကြားပေးလျက်ရှိပြီး သင်ကြားမှုပုံစံသစ်အတွက် နိုင်ငံတော်မှ ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသလို စာသင်ကျောင်းများအနေဖြင့်လည်း ကလေးငယ်များအတွက် ကုန်ကျစရိတ်သက်သာသော ကစားကွင်းမျိုးကို မိမိတို့ကျောင်းအစီအစဉ်မျိုးဖြင့် ပြုလုပ်ပေးခြင်းဖြင့် KG ပညာရေးပုံစံသစ်ကို ပို၍ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ။

# မူးယစ်ဆေးဝါးသယ်ဆောင်မှုများ ဖမ်းဆီးနိုင်ရေးအတွက် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များကို ရှောင်တခင်စစ်ဆေးရှာဖွေ

**ပုလဲ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အလယ်ဘုံကျေးရွာအထွက် ပုလဲ-ဂန့်ဂေါ ကားလမ်းပေါ်၌ တမူး၊ ကလေးနှင့် ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာသော ခရီးသည်တင် မော်တော်ကားများနှင့် ကုန်တင်မော်တော်ယာဉ်များတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှုရှိ/ မရှိ နှင့် ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ပုလဲမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဇော်ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၄ ရက် ညနေပိုင်းက ရှောင်တခင်စစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တမူး၊ ကလေး၊ ဂန့်ဂေါမြို့နယ်များမှ ထွက်ခွာလာသော ခရီးသည်တင်နှင့်ကုန်တင်မော်တော်ယာဉ်များမှာ ပုလဲ-ဂန့်ဂေါကားလမ်းမှတစ်ဆင့် မုံရွာ၊ မန္တလေးနှင့် ပခုက္ကူမြို့ကြီးများကို ဖြတ်သန်းသွားလာလျက်ရှိသောကြောင့် ယာဉ်ပေါ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်မှု ရှိ/ မရှိနှင့် ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ရှောင်တခင် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စစ်ဆေးရှာဖွေသည့်နေရာကို သတ်သတ်မှတ်မှတ် မထားရှိဘဲ ပုလဲမြို့နယ်ဧရိယာအတွင်းရှိ ပုလဲ-ဂန့်ဂေါ ကားလမ်းမတစ်လျှောက်တွင် ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ရန်အောင်က ပြောသည်။



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု မရှိသေးသော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် ပညာပေးစည်းရုံးဟောပြောဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **မင်းခန့်စိုး (ဇေယျာမြေ)**

# ကျေးရွာသုံးရွာအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၉၀၀ ပေးအပ်

**ကလေး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ ကျေးရွာသုံးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ကလေးမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ရုံး၌ ဇူလိုင် ၁၇ ရက်က ပြုလုပ်သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြင်သာ၊ စည်သာနှင့် သာယာကုန်းကျေးရွာများအတွက် တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၉၀၀ ကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မှုကော်မတီဥက္ကဋ္ဌတို့က ကျေးရွာကိုယ်စားလှယ်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**ချင်းတွင်းသား**

# ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)များ ပေးအပ်

**ကျိုက်ထို ဇူလိုင် ၁၉**

ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျူချောင်ကျေးရွာအုပ်စု သံတံတားကျေးရွာနေ ပြည်သူများအား ကျေးရွာမြေငှားဂရန်(မြေငှားစာချုပ်)များ ထုတ်ပေးရန် ဆောင်ရွက်ခဲ့ပြီးနောက် မြေငှားဂရန်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်က မွန်ပြည်နယ်အတွင်း တစ်မြို့နယ်လျှင် ကျေးရွာတစ်ခုစီတွင် မြေငှားဂရန်ချပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားမှုကြောင့် မြေငှားဂရန်ချထားပေးရေးနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေးရွာမြေငှားဂရန်များ ချထားပေးသွားမည်ဖြစ်ကြောင်း၊ သထုံခရိုင်အတွင်း မြို့နယ်လေးခုရှိရာ ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာအုပ်စု သံတံတားကျေးရွာနေ ပြည်သူ ၃၈ ဦးအတွက် မြေငှားဂရန်များကို ပထမဆုံးပေးအပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကလည်း ရက် ၁၀၀ စီမံချက် ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာစီကို မြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိနေထိုင်သည့်မြေယာများပေါ်တွင် ခိုင်မာစွာနေထိုင်နိုင်ရန်အတွက် မြေငှားဂရန်များကို ချထားပေးခြင်းဖြစ်ကြောင်း၊ သံတံတားကျေးရွာတွင် လူနေအိမ်ခြေ (၄၄)အိမ်၌ အိမ်ထောင်စု ၄၈ စုနေထိုင်လျက်ရှိပြီး လျှောက်ထားသူ ၄၄ ဦးအနက် ဥပဒေနှင့်ညီညွတ်မှုမရှိသည့် လျှောက်လွှာ လေးခု၊ မြေယာအငြင်းပွားသည့် နေအိမ်နှစ်အိမ်ရှိသည့်အတွက် ဥပဒေနှင့်အညီ စိစစ်ပြီး ချပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားကာ မြေငှားဂရန်ရရှိသူ ၃၈ ဦးအား ဝန်ကြီးနှင့် တာဝန်ရှိသူများက မြေငှားဂရန်များ ပေးအပ်ခဲ့ကြသည်။

**ဝင်းမောင်(ကျိုက်ထို)**



## အကောင်းဆုံးဘောလုံးသမားဆု စီရော်နယ်ဒိုရနိုင်

အကောင်းဆုံးဘောလုံးသမားဆု တစ်ခုဖြစ်တဲ့ Ballon d'Or ဆုကို စီရော်နယ်ဒို ဆွတ်ခူးလိမ့်မယ်လို့ ဘာစီလိုနာတိုက်စစ်မှူး နေမာက ပြောဆိုလိုက်ပါတယ်။ စီရော်နယ်ဒိုဟာ ချန်ပီယံလိဂ်ဆုဖလားနဲ့ ဥရောပဆုဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့တဲ့အတွက် မက်ဆီထက် စီရော်နယ်ဒိုဟာ အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးနိုင်မယ်လို့ ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်နဲ့ ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးခဲ့တဲ့ အပြင် မကြာသေးမီက ပေါ်တူဂီအသင်းနဲ့အတူ ဥရောပဆုဖလားတစ်လုံးဖြစ်တဲ့ ယူရိုဖလားကိုပါ ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ဒီဆုကို ဆွတ်ခူးခဲ့မယ်ဆိုရင် လေးကြိမ်မြောက်ဆွတ်ခူးခြင်းဖြစ်လာမှာဖြစ်ပါတယ်။ စီရော်နယ်ဒိုနဲ့ မက်ဆီတို့ဟာ ဒီဆုအတွက် အပြိုင်လုကြမှာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ဒီဆုအတွက် ယှဉ်ပြိုင်မှုဟာ ပြီးခဲ့တဲ့နှစ်က ရှစ်နှစ်ဆက်တိုက်ဖြစ်ခဲ့တာပါ။ နေမာကတော့ ဒီဆုကိုလာမယ့်နှစ်မှာ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ဒီဆုကို ၂၀၀၈၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်တွေမှာ ဆွတ်ခူးခဲ့ပါတယ်။ မက်ဆီကတော့ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ နဲ့ ၂၀၁၅ ခုနှစ်တွေက ဆွတ်ခူးခဲ့ပါတယ်။



## အဲဗာတန်က အလိုရှိနေတဲ့ လက်စတာဂိုးသမား

အဲဗာတန်အသင်းက လက်စတာဂိုးသမား ကက်စပါရှမိုက်ကယ်ကို ခေါ်ယူဖို့စိတ်ဝင်စားနေပါတယ်။ သို့သော်လည်း ပရီမီယာလိဂ်ချန်ပီယံ လက်စတာက ပေါင်သန်း ၂၀ အထိ တိုးတောင်းနေပါတယ်။ လက်စတာအသင်းအနေနဲ့ ဖလားရဖို့ကြိုးစားနေမှုတစ်ရပ်ပါ။ လက်စတာက အန်န်ဂိုလိုကန်တီးကို ချယ်လ်ဆီးကို ပေါင်သန်း ၃၀ နဲ့မရောင်းမီ နန်ပါးမန်ဒီကို စာချုပ်ခဲ့ပါတယ်။ ဂိုးသမား ရှမိုက်ကယ်ကို စိတ်ဝင်စားနေစဉ်မှာပဲ အဲဗာတန်က အားကစားသမားနှစ်ဦးဖြစ်တဲ့ မန်ဒီနဲ့ ဇီလာကို စာချုပ်ခဲ့တာပါ။ လက်စတာအသင်းအနေနဲ့ အသက် ၂၉ နှစ်အရွယ်ရှိ ရှမိုက်ကယ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေတာပါ။ သို့ပေမယ့် နည်းပြ ရော်နီကိုးလ်မန်းလက်ထက်မှာ အဲဗာတန်က ခေါ်ယူဖွယ်ရှိနေပါတယ်။

ပရီမီယာလိဂ်ချန်ပီယံ လက်စတာက ရှမိုက်ကယ်ကို နှစ်ရှည်စာချုပ်နဲ့ ချုပ်ဆိုဖို့ စောင့်မျှော်နေတာပါ။ သို့သော်လည်း အဲဗာတန်ကလည်း ကြေးအများဆုံးပေးပြီး ခေါ်ယူသွားနိုင်တာပါ။ ရှမိုက်ကယ်ဟာ ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းရဲ့ သေချာပေါက်ဂိုးတွေကို ကာကွယ်ပေးနိုင်ခဲ့လို့ လက်စတာအနေနဲ့ ချန်ပီယံဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဂိုးသမားရှမိုက်ကယ်ဟာ ကာကွယ်မှုအားကောင်းတဲ့ ဂိုးသမားတစ်ဦး ဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းရဲ့တိုက်စစ်မှူးတွေရဲ့အပိုင်ကန်သွင်းမှုတွေကို ကာကွယ်နိုင်တဲ့ ဂိုးသမားကောင်းတစ်ဦးဖြစ်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။



# ဒိုင်နမိုဇာဂရက်တို့ နောက်တစ်ဆင့်တက်မယ့် ချန်ပီယံလိဂ် ဒုတိယအဆင့်ခြေစစ်ပွဲ

**၂၀၁၆-၂၀၁၇ ချန်ပီယံလိဂ် ဒုတိယအဆင့်ခြေစစ်ပွဲတွေကို ဇူလိုင် ၂၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဒိုင်နမိုဇာဂရက်၊ အက်စ်တာနာ၊ ဆဲလ်တစ် စတဲ့အသင်းကြီးတွေအတွက် ရလဒ်ကောင်း ဆောင်ကြဉ်းနိုင်ပါ့မလား စောင့်ကြည့်ရမှာဖြစ်သလို အသင်းငယ်တွေရဲ့အားထည့်ရုန်းထမှုတွေလည်း ဘယ်လောက်အထိ အောင်မြင်မှုတွေရရှိနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။**

### ဒိုင်နမိုဇာဂရက်နှင့် ဗာဒါ

ခရိုအေးရှားလိဂ်ကလပ်အသင်းဖြစ်တဲ့ ဒိုင်နမိုဇာဂရက်တို့က ပြည်တွင်းလိဂ်မှာတော့ ထိပ်တန်းအဆင့်ရှိတဲ့ အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပြည်တွင်း ခရိုအေးရှားလိဂ်မှာ ချန်ပီယံဖြစ်ခဲ့ပြီး ခြေစွမ်းကောင်းမွန်တဲ့အတွက် ပြိုင်ဘက်တိုင်းကို အနိုင်ယူစွမ်းရှိပါတယ်။ ဗာဒါတို့ကလည်း မက်ဆီဒိုးနီးယားလိဂ်မှာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံဖြစ်ခဲ့တာမို့ ခြေစွမ်းကလျှော့တွက်လို့ မရပါဘူး။ ဗာဒါနဲ့ ဒိုင်နမိုဇာဂရက်တို့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဒိုင်နမိုဇာဂရက်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ ဒီပွဲမှာတော့ အိမ်ကွင်းလည်းဖြစ်တဲ့ ဒိုင်နမိုဇာဂရက်တို့ပဲ အနိုင်ရသွားပါလိမ့်မယ်။

### ထရန်ဆင်နှင့် အိုလံပီဂျာ

ပထမအကျော့ပွဲစဉ်မှာ ထရန်ဆင်တို့က လေးဂိုး-သုံးဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ထရန်ဆင်တို့က ဆလိုဗက်ကီးယားလိဂ်မှာ ပြီးခဲ့တဲ့နှစ်က ဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပြီး တိုက်စစ်ရော ခံစစ်ပါကောင်းမွန်တဲ့အသင်းဖြစ်ပါတယ်။ အိုလံပီဂျာတို့ကလည်း ဆလိုဗေးနီးယားလိဂ်မှာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်တာမို့ ထရန်ဆင်ကို ခြေရည်တူကစားကာ ခြိမ်းခြောက်နိုင်ခဲ့တဲ့အသင်းပါ။ ထရင်ဆင်တို့က အခုပွဲမှာ သရေရလဒ်ထွက်ပေါ်ရုံနှင့် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိနေပြီး အခုပွဲက အိမ်ကွင်းလည်းဖြစ်တာမို့ အောင်ပွဲရရှိသွားနိုင်တဲ့ အနေအထားရှိပါတယ်။

### အက်စ်တာနာနှင့် ဇယ်ဂီရစ်

ပထမအကျော့ပွဲစဉ်မှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲမှာတော့ အဆုံးအဖြတ်ပေးမယ့် ခြေစွမ်းကို အပြိုင်ပြကြတော့မှာဖြစ်ပါတယ်။ ကာဇက်စ္စတန်လိဂ်ကလပ်ဖြစ်တဲ့ အက်စ်တာနာတို့က ပြီးခဲ့တဲ့နှစ် ပြည်တွင်းလိဂ်မှာ ရှုံးပွဲနှစ်ပွဲသာရှိခဲ့ပြီး ခြေစွမ်းကောင်းပြသနိုင်ခဲ့တဲ့ ချန်ပီယံအသင်းဖြစ်ပါတယ်။ ဇယ်ဂီရစ်တို့ကလည်း လစ်သူယေးနီးယားလိဂ်မှာ ပြီးခဲ့တဲ့နှစ်က တိုက်စစ်အားကောင်းကောင်းနဲ့ ဂိုးပေါင်း ၁၀၄ ဂိုး သွင်းကာ ဗိုလ်စွဲထားတဲ့ အသင်းဖြစ်ပါတယ်။ အခုပွဲမှာ အက်စ်တာနာတို့က နိုင်ပွဲရအောင် ဖော်ဆောင်မှာဖြစ်ပြီး နောက်တစ်ဆင့်တက်ရေး ကြိုးစားပါလိမ့်မယ်။

### နော်ကိုပင်နှင့် ရိုဆင်ဘော့

ပထမအကျော့မှာ ရိုဆင်ဘော့တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဆွီဒင်လိဂ်ကလပ် နော်ကိုပင်တို့က ပြီးခဲ့တဲ့နှစ်က ပြည်တွင်းလိဂ်မှာ ဗိုလ်စွဲခဲ့တဲ့ အသင်းဖြစ်ပြီး ရိုဆင်ဘော့တို့ကလည်း နော်ဝေလိဂ်မှာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ တိုက်စစ်အားကောင်းပြီး ဂိုးသွင်းသေချာတဲ့ တိုက်စစ်မှူးတွေပိုင်ဆိုင်ထားတဲ့ ရိုဆင်ဘော့ကို နော်ကိုပင်တို့ အိမ်ကွင်းဆိုပေမယ့် အနိုင်ယူဖို့မလွယ်ပါဘူး။ ရိုဆင်ဘော့တို့က နောက်ဆုံးကစားခဲ့တဲ့ ပွဲနှစ်ပွဲရလဒ်ကိုကြည့်ရင် ဆာဘရော့အသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး နော်ကိုပင်လည်း သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့တာမို့ အခုပွဲမှာ နော်ကိုပင်ကွင်းမှာ ဆိုပေမယ့် ရိုဆင်ဘော့တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်ပြီး နောက်တစ်ဆင့်တက်ရေး သေချာအောင် စွမ်းဆောင်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

## စပါးက ပစ်မှတ်ထားနေတဲ့ မာဆေးတိုက်စစ်မှူး ကိုဒိုး

မာဆေးကစားသမားတစ်ဦးဖြစ်တဲ့ ဂျော့ကီဗင်အင်န်ကိုဒိုးကို ပရီမီယာလိဂ်ကလပ်အများစုက အလိုရှိနေတာပါ။ အာဆင်နယ်၊ မန်ယူနဲ့ ဝက်စ်ဟမ်းအသင်းတွေက မာဆေးတောင်ပံ တိုက်စစ်မှူး ကိုဒိုးကို အလိုရှိနေတာပါ။ ဒီအထဲမှာ စပါးလည်း ပါဝင်ပါတယ်။ စပါးအသင်းက ကိုဒိုးကို ပေါင် ၁၁ သန်းနဲ့ ခေါ်ယူဖို့ ဆွေးနွေးနေပြီလို့ သိရပါတယ်။ ကိုဒိုးဟာ လျင်မြန်မှု၊ ကျွမ်းကျင်မှုအားကောင်းတဲ့ တောင်ပံတိုက်စစ်မှူးတစ်ဦးလို့ ဆိုကြပါတယ်။ သူ့ကိုခေါ်ယူဖို့ အာဆင်နယ်၊ ဝက်စ်ဟမ်းနဲ့ မန်ချက်စတာကလပ်နှစ်ခုစလုံးက ခေါ်ယူဖို့ ပြင်ဆင်နေတာပါ။

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ပြင်သစ်နိုင်ငံသား ကိုဒိုးဟာ ပြီးခဲ့တဲ့ရာသီက ငါးဂိုးသွင်းယူပေးထားတာပါ။ စပါးအသင်းအနေနဲ့ နယူးကာဆယ်ကွင်းလယ်ကစားသမား စီနာဒွန်းကိုလည်း ခေါ်ယူဖို့စိတ်ဝင်စားနေပါတယ်။ စပါးအသင်းရဲ့ လိုအပ်နေတဲ့ တိုက်စစ်အတွက် ကိုဒိုးကို အားဖြည့်လာနိုင်ပါတယ်။ ကျွမ်းကျင်မှု၊ လျင်မြန်မှုအားကောင်းတဲ့ လူငယ်ကစားသမား ကိုဒိုးကို အရခေါ်ယူဖွယ်ရှိနေပါတယ်။ အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်လို့ စပါးအတွက် အကောင်းဆုံးဖြစ်လာနိုင်ပါတယ်။



# ဆိုင်ကယ်မောင်းလိုင်စင်နှင့် ဆိုင်ကယ်လိုင်စင်သက်တမ်းတိုး ပြုလုပ်ပေး

**တောင်တွင်းကြီး ဇူလိုင် ၁၉**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်း၊ မော်တော်ဆိုင်ကယ်လိုင်စင်များ သက်တမ်းတိုးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောခြင်းကို တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများ တိကျသေချာစွာ နားလည်စေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းကို ဦးစွာဖွင့်လှစ်ပြီး မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးသိန်းထွဋ်က မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် မသိမဖြစ် လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကာ တောင်တွင်းကြီးမြို့ပေါ်နှင့် ကျေးရွာများမှ ဆိုင်ကယ်မောင်းလိုင်စင် လာရောက်ပြုလုပ်သည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဆိုင်ကယ်မောင်းလိုင်စင် လာရောက်လျှောက်ထားပြုလုပ်သူ ၃၀၀၀ နီးပါးအတွက် လိုင်စင်များ ပြုလုပ်ပေးခဲ့ကာ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အခုလို ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးရင်းနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဟောပြောရတာက ကျေးလက်နေပြည်သူတွေက ဆိုင်ကယ်အများဆုံး အသုံးပြုရပြီး ယာဉ်အန္တရာယ်ကို အများဆုံးကြုံတွေ့နေရလို့ပါ။ အခုလို ဟောပြောပွဲကို နားထောင်ပြီးရင်တော့ ယာဉ်တိုက်မှုအန္တရာယ် လျော့ကျသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူးက ပြောသည်။

ဒန့်သလွန်ပင်ကျေးရွာမှ ဆိုင်ကယ်မောင်းလိုင်စင် လာရောက်ပြုလုပ်သည့် ကိုမိုးကျော်က "ဆိုင်ကယ် စီးနေတာ ခြောက်နှစ်လောက်ရှိပါပြီ။ ယာဉ်မောင်းလိုင်စင်ကို တစ်ခါမှမလုပ်ခဲ့ပါဘူး။ လိုလည်းမလိုဘူးလို့ထင်လို့ပါ။ အခုတော့ အရေးယူတာတွေလုပ်နေတော့ ယာဉ်မောင်းလိုင်စင်လာလုပ်တာပါ။ ပြီးတော့ သင်တန်းလည်းတက်ရတော့ ကိုယ်တစ်ခါမှ မသိခဲ့တဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေအကြောင်းနဲ့ ဘယ်ယာဉ်က အရင်သွားရမလဲဆိုတာတွေ သိခဲ့ပါတယ်။ အခုတော့ မကွေးကိုသွားရင်လည်း လမ်းဘေးက ဆိုင်းဘုတ်တွေကို သေချာကြည့်ပြီး မောင်းတော့မှာပါ"ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ ဆိုင်ကယ်မောင်းလိုင်စင်များကို မကွေး၊ ရေနံချောင်း၊ နတ်မောက်နှင့် ချောက်မြို့နယ်များတွင်လည်း ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**



## သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးများ စိုက်ပျိုး

**ဗန်းမောက် ဇူလိုင် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ လယ်နက်ကြီးကျေးရွာအုပ်စု နားယကာကျေးရွာ အင်ပင်ကွင်း၌ မိုးစပါး မြို့ဝင်မြို့ထွက်(GAP)စံပြကွက် ၅၀ ဧက၌ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါး စိုက်ပျိုးမှုသရုပ်ပြပွဲကို ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဟန်စိုးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP)ဖြင့် စံပြကွက်စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်စိုက်ကွက်များ ဆောင်ရွက်ခြင်း၊ ဓာတ်မြေဩဇာကြဲပက်ရာတွင် စနစ်တကျကြဲပက်ခြင်းများကို ဒေသခံတောင်သူများအား လက်တွေ့ပြသ ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒေသခံ မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ကျော်စွာ(ပြန်/ဆက်)**

# သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများသို့ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရေလှူဒါန်း

**ဆားလင်းကြီး ဇူလိုင် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်အုပ်စုအတွင်းမှ သောက်သုံးရေ ပြတ်လပ်နေသော သာယာကိုင်းကျေးရွာနှင့်မန်ကျည်းတစ်ထောင် ကျေးရွာသစ်ကျေးရွာဟောင်းများမှ ပြည်သူများအတွက် သောက်သုံးရေများကို ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ ဆားလင်းကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းသန်း ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက သာယာကိုင်းကျေးရွာသို့ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ဂါလန် ၈၇၀ ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သောက်သုံးရေ ဂါလန် ၂၄၇၀ ကိုလည်းကောင်း၊ မန်ကျည်းတစ်ထောင်ကျေးရွာသစ်နှင့် မန်ကျည်းတစ်ထောင်ကျေးရွာဟောင်း နှစ်ရွာသို့ ရေဂါလန် ၂၄၇၀ နှင့် ရေသန့်ဘူးကြီးများကို လည်းကောင်း လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ကျေးရွာများမှ သက်ကြီးရွယ်အိုများအတွက် ရေများကို ရဲတပ်ဖွဲ့ဝင်များက နေအိမ်အရောက် ထမ်းပို့၍ လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

"အခုအချိန်ထိ မိုးကမရွာတော့ သောက်သုံးရေအတွက် အခက်အခဲဖြစ်ပေါ်နေတာပါ။ ကန်ရေဆိုတာကလည်း မိုးရွာမှသာ သောက်သုံးရေအတွက် အဆင်ပြေမှာပါ။ အခုအချိန်ထိတော့ မိုးကလည်း သည်းသည်းထန်ထန် မရွာသေးတော့ သောက်သုံးရေအလှူရှင်များကိုသာ မျှော်နေရပါတယ်"ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

**ဦးငယ်(ဆားလင်းကြီး)**



## ပြည်နယ်လွှတ်တော်စာကြည့်တိုက်သို့ စိုက်ပျိုးရေးနည်းပညာပေးစာစောင်များ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၉**
ကရင်ပြည်နယ် လွှတ်တော်စာကြည့်တိုက်တွင်ထားရှိရန် စိုက်ပျိုးရေးနည်းပညာပေး စာအုပ်စာစောင်များကို စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းနှင့်ဇနီး ဒေါက်တာဌေးဌေးစိုးမိသားစုတို့ ဇူလိုင် ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ ပြုလုပ်ခဲ့သည့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်မိသားစုကိုယ်စား လယ်ယာစီးပွားသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်စိုး(လှိုင်)က စိုက်ပျိုးနည်းပညာစာအုပ် ၆၈ အုပ်နှင့် လယ်ယာစီးပွားသတင်းဂျာနယ် အစောင် ၇၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းတို့က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သန်းဦး(လေးမျက်နှာ)**

## သတင်းတိုများ

### အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ လူငယ်အားမာန်သင်တန်းကျောင်း၌ (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့သည်။ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်မောင်ဦးက အာဇာနည်နေ့အကြောင်းကိုလည်းကောင်း၊ လူငယ်အားမာန်သင်တန်း ကျောင်းအုပ်ဆရာမကြီးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အကြောင်းကိုလည်းကောင်း ဟောပြောပြီး ကျောင်းသား ကျောင်းသူများက နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း ကဗျာများကိုလည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသော ကဗျာများကိုလည်းကောင်း သီဆိုယှဉ်ပြိုင်ခဲ့ကြသည်။

**ဝင်းကျော်မြင့်**

### အာဇာနည်နေ့အခမ်းအနားကျင်းပရန် လေ့ကျင့်

လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက် တောင်ကွဲစေတီရှေ့ အာဇာနည်ကျောက်တိုင်ကွင်းအတွင်း၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရန် လေ့ကျင့်မှုများကို ဇူလိုင် ၁၈ ရက်က ပြုလုပ်ခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဂါရဝပြုလွှမ်းသူ့ပန်းခွေချခြင်းများကို လေ့ကျင့်ခဲ့ကြသည်။ လေ့ကျင့်မှုများ ပြုလုပ်နေရာသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ပြည်နယ်ဝန်ကြီးများ လာရောက်ကြည့်ရှုခဲ့ကြသည်။**(မြို့နယ်ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်ရန် ဆွေးနွေး

**မြိတ် ဇူလိုင် ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မူးယစ်ဆေးဝါးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးကာကွယ်ရေးအဖွဲ့ဝင်များ၊ မြိတ်ခရိုင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ဇူလိုင် ၁၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတာဝန်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကာ မူးယစ်ဆေးဝါးအမှုများကို ဖမ်းဆီးလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိကြောင်း၊ ရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်မှု အခြေအနေ၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေများနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက မြို့နယ်/ရပ်ကွက်/ကျေးရွာအသီးသီးရှိ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ထွန်းက မြိတ်ခရိုင်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဖမ်းဆီးလျက်ရှိကြောင်း၊ ရက် ၁၀၀ အတွင်း မူးယစ်ဆေးဝါး အရှိန်အဟုန်မြှင့် ဖမ်းဆီးခဲ့ရာ အောင်မြင်မှုလည်း အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများကို ၂၄ နာရီ ဆက်သွယ်သတင်းပေးနိုင်ပြီး ထိုသို့သတင်းပေးခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်လိုကြောင်း တိုက်တွန်းဆွေးနွေးခဲ့သည်။

**ခိုင်ထူး(မြိတ်)**



## မီးသတ်ယာဉ်နှင့် အသက်ရှူကိရိယာ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၉**
မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် အရန်မီးသတ်စခန်း၌ အသုံးပြုရန် ကျပ်သိန်း ၂၅၀ ခန့်တန်ဖိုးရှိ မီးသတ်ယာဉ်တစ်စီးနှင့် အသက်ရှူကိရိယာ (BA Set)ကို မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်မိသားစုက ဇူလိုင် ၁၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးသတ်ယာဉ် လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်က အမှာစကားပြောကြားပြီး မီးသတ်ယာဉ်အလှူရှင်မိသားစုက လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ယာဉ်နှင့်သက်ဆိုင်ရာ စာရွက်စာတမ်းများကို အလှူရှင်မိသားစုက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးထံ ပေးအပ်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သစ်ပင်များတွင် ကြော်ငြာရိုက်ကပ်ခြင်းကြောင့် အပင်ကို ထိခိုက်နိုင်

**ပြင်ဦးလွင် ဇူလိုင် ၁၉**
မြန်မာနိုင်ငံအနှံ့ စီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ ကြော်ငြာထည့်သွင်းနိုင်သော ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့တွင် စီးပွားရေးလုပ်ငန်း ကြော်ငြာများ ထည့်သွင်းလာကြသည်သာမက ထင်သာမြင်သာမှုရှိသော လမ်းဆုံ လမ်းခွများနှင့် အချက်အချာကြသော နေရာတို့တွင် ကြော်ငြာဆိုင်းဘုတ်ကြီးများကို တွေ့မြင်လာရသည်။ ထို့အပြင် လမ်းဘေးဝဲယာ တစ်လျှောက်တွင်လည်း အမျိုးမျိုးသော ကြော်ငြာတို့ကို သစ်ပင်တို့၌ ရိုက်ကပ်၍ ကြော်ငြာမှုများ ပြုလုပ်လာကြသည် ကို တွေ့ရသည်။ သစ်ပင်များတွင် ကြော်ငြာများကို သံနှင့်ရိုက်ကပ်ကာကြော်ငြာခြင်းကြောင့် သစ်ပင်များထိခိုက်နိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များ၏ ပြောပြချက်အရ သိရသည်။




"လူတွေက သစ်ပင်တွေမှာ အမှုမဲ့အမှတ်မဲ့ ကြော်ငြာ ရိုက်ကပ်ခဲ့ကြပေမယ့် သစ်ပင်တွေအတွက် ထိခိုက်သွားစေပါတယ်။ သစ်ပင်တွေရဲ့အခေါက်နဲ့ အသားကြားမှာ အစာရေကြောစည်းဆိုတာ ရှိတယ်။ ဒီအစာရေကြောစည်းကနေ အပင်ရဲ့အမြစ်၊ ပင်စည်ကတစ်ဆင့် အပေါ်မှာရှိနေတဲ့ အကိုင်းအခက်အလက်၊ အသီးအပွင့်တွေဆီကို အစာတွေပေးပို့နေတာပါ။ ကြော်ငြာတွေကို အပင်မှာ သံနဲ့ရိုက်ပြီး ချိတ်ဆွဲရင် ရိုက်လိုက်တဲ့သံတွေကြောင့် အစာရေကြောစည်း ထိခိုက်ပျက်စီးသွားနိုင်ပြီး အပင်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်ပေါ်စေနိုင်တယ်။ နောက်တစ်ချက်က သံက ထွက်လာတဲ့ သံချေးကနေတစ်ဆင့် အပင်ကိုရောဂါရစေနိုင်ပါတယ်။ အပင်တွေမှာ ကြော်ငြာတွေများလာလေလေ သစ်ပင်မှာ ပျက်စီးဆုံးရှုံးမှု၊ ဖွံ့ဖြိုးမှု၊ အနှောင့်အယှက်ကြုံတွေ့ရမှုတွေ များလေလေဖြစ်တဲ့အတွက်ကြောင့် ဖြစ်နိုင်ရင် သစ်ပင်တွေမှာ ကြော်ငြာရိုက်ကပ် ချိတ်ဆွဲမှုကို ရှောင်ရှားသင့်ပါတယ်။ အခုအချိန်မှာ တစ်နိုင်ငံလုံး သစ်ပင်တွေကို ဂရုတစိုက်နဲ့ ပြုစုပျိုးထောင်စိုက်ပျိုးနေချိန်ဖြစ်နေတဲ့အတွက်လည်း ဒါမျိုးတွေကို ပိုပြီး သတိထားရပါမယ်"ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေး ပညာရှင်တစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။
**သက်နိုင်(ပြင်ဦးလွင်)**

## အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများ မြို့နယ်များ၌ကျင်းပ

**ရိခေါ်ဒါရ်**
ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က အာဇာနည်ခေါင်းဆောင်ကြီးများ၏အကြောင်းနှင့် ပြိုင်ပွဲများ ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားပြီး အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦးက အာဇာနည်နေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကိုလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးက မမေ့နိုင်သော ဇူလိုင် ၁၉ ရက် ခေါင်းစဉ်ဖြင့် ပုံပြောပြိုင်ပွဲကိုလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦးတို့က အာဇာနည် ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကိုလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ပြန်/ဆက်ဦးစီးဌာနမှ ထုတ်ဝေသည့် အာဇာနည်နေ့အထိမ်းအမှတ် လက်ကမ်းစာစောင်ကို ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပြီး အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်များကိုလည်း ပြသခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

**သံတောင်ကြီး**
ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဇူလိုင်လအတွင်း ဒုတိယအကြိမ် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အောင်ဆန်းဇာနည်ကဗျာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၁၇ ရက်က ကျင်းပသည့် ကဗျာပြိုင်ပွဲတွင် ဦးစီးမှူး ဒေါ်နော်လော်မူက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များ၊ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက အောင်ဆန်းအာဇာနည်ကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင် ရွတ်ဆိုခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများကို မြို့နယ်ဦးစီးမှူးက ဆုများချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

**မြင်းခြံ**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၆)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး ဘိုချိုစာကြည့်တိုက်၌ (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပုံပြင်ပြောပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူလေးများ၏ စိတ်ဓာတ်ခွန်အားများတိုးပွားလာစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ပရိသတ်အများရှေ့တွင် ကြောက်ရွံ့မှုမရှိဘဲ ပြောဆိုတတ်စေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြင်းခြံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦးနှင့် မူလတန်းအဆင့် ၂၃ ဦးက မိမိနှစ်သက်ရာ ပုံပြင်များကိုပြော၍ ပြိုင်ပွဲဝင်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**ပေါက်**
(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါက်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် အောင်တံခွန်ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရွှေ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးစောကြိုင်နှင့် ရဲတပ်ဖွဲ့ဝင် ၄၀ တို့ စုပေါင်းပါဝင်ပြီး ပြည်သူ့ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သရိုက်၊ ချုံနွယ်များ၊ မြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ **ဉာဏ်တိုး(ပေါက်)**



## လုပ်ငန်းခွင်အတွင်း လက်နှစ်ဖက်ပြတ်သွားခဲ့သောအလုပ်သမားအတွက် နစ်နာကြေးရရှိရန် ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေး

**မိတ္ထီလာ ဇူလိုင် ၁၉**
မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့၏ ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုအဖြစ် လုပ်ငန်းခွင်အတွင်း မတော်တဆမှုကြောင့် လက်နှစ်ဖက်ပြတ်သွားခဲ့သော အလုပ်သမားတစ်ဦးအား အလုပ်ရှင်ထံမှ နစ်နာကြေးရရှိနိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ် အင်းကျေးရွာအုပ်စု ကူတော်ကျေးရွာနေ မောင်ကျော်ဆန်းသည် ဇွန် ၂၆ ရက်က တစ်ရွာထဲနေ အလုပ်ရှင် ဦးမောင်ကြိုင်နေအိမ်တွင် နွားစာစဉ်းစက်ခုံဖြင့် နွားစာစဉ်းနေစဉ် မတော်တဆ ထိခိုက်မှုကြောင့် လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်အထက်နားမှ ပြတ်သွားခဲ့ကာ အဆိုပါ အလုပ်ရှင်ထံတွင် အလုပ်လုပ်ကိုင်နေသည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်သော်လည်း အလုပ်ရှင်မှ ကူညီထောက်ပံ့ပေးမှုမရှိသဖြင့် မောင်ကျော်ဆန်းနှင့် ဇနီးဖြစ်သူတို့က ဇူလိုင် ၁၆ ရက်တွင် မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့ရုံးသို့ ရောက်ရှိလာပြီး ရဲတပ်ဖွဲ့ဝင်များထံတွင် အကူအညီတောင်းခံခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့် အလည်ရွာရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းတို့က အလုပ်ရှင်အလုပ်သမား လျော်ကြေးဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် မိတ္ထီလာခရိုင် အလုပ်သမားညွှန်ကြား ရေးဦးစီးဌာနရုံးနှင့် ချိတ်ဆက်ပြီး မောင်ကျော်ဆန်းအား အဆိုပါရုံးသို့ ရဲတပ်ဖွဲ့ဝင်များက လိုက်လံပို့ဆောင်ပေးခဲ့ကာ လိုအပ်သည်များကို ကူညီပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်အနေနဲ့ ပြည်သူတွေ အကူအညီလိုရင် အကူအညီပေးနေပါတယ်။ အခုဖြစ်စဉ်မှာလည်း လက်နှစ်ဖက်လုံး ဆုံးရှုံးရတဲ့ အလုပ်သမားလေးက အလုပ်ရှင်ဆီက အကူအညီမရတဲ့အတွက် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေကို လာရောက်အကူအညီတောင်းခံခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အလုပ်သမားရုံးနဲ့ချိတ်ဆက်ပြီး အလုပ်ရှင် အလုပ်သမားဥပဒေအတိုင်းဖြစ်အောင် စီစဉ်ပေးခဲ့ပါတယ်"ဟု မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေက ပြောကြားသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တာချီလိတ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်

**တာချီလိတ် ဇူလိုင် ၁၉**
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (တာချီလိတ်)မှ စီစဉ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းနှင့် အတတ်ပညာများ စနစ်တကျတိုးတက်ပြန့်ပွားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကို ဂိုလ်းဒင်းချယ်ရီဟိုတယ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က တာချီလိတ်မြို့သည် ထိုင်းနိုင်ငံ၏ နယ်စပ်ဝင်ပေါက်တစ်ခုဖြစ်ပြီး မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံနယ်နိမိတ် ထိစပ်နေသည့် ရွှေတြိဂံဇုန်အတွင်း ပါဝင်နေသည့်အတွက် ခရီးသွားများ အလွန်စိတ်ဝင်စားတဲ့နေရာတစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားသည်။ သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းများဖြစ်သည့် ဟိုတယ်ဧည့်ကြိုလုပ်ငန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး၊ အစားအစာ အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေး၊ အစားအစာ အဖျော်ယမကာ ထုတ်လုပ်ရေးစသည့် ဘာသာရပ် လေးခုကို သင်ကြားပြီး ဘာသာရပ်တစ်ခုစီတွင် သင်တန်းသား ၃၀ စီ တက်ရောက်ကြောင်း၊ သင်တန်းများကို တာချီလိတ်မြို့ရှိ ဂိုလ်းဒင်းချယ်ရီ ဟိုတယ်၊ ဇန်မွန်အာခါဟိုတယ်၊ ရွှေဘူးသီးဟိုတယ်၊ မယ်ခေါင်(ကိုးထပ်)ဟိုတယ်၊ ရွှေတြိဂံဟိုတယ်နှင့် မိုင်းဖုန်းပါရာဒိုက်ဟိုတယ်များ၌ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလအနေဖြင့် ဇူလိုင် ၁၈ ရက်မှ သြဂုတ် ၁၂ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။
**မြင့်မိုရ်(တာချီလိတ်)**

## အခြေခံ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောသင်တန်းဆင်း

**သီပေါ ဇူလိုင် ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၌ ရှမ်းတောင်တန်းဒေသ လူငယ်မောင်မယ်များကွန်ရက်(SYN)က ကြီးမှူး၍ ဒေသခံလူငယ်များ အင်္ဂလိပ်စာကျွမ်းကျင်စေရန် ဖွင့်လှစ်ခဲ့သော အခြေခံ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော သင်တန်းဆင်းပွဲကို မန်ဟဲကျေးရွာအုပ်စု ရွှေပြည်အေးရိပ်သာ နမ့်ဟူးနွဲ့ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သဘာပတိ ဦးဝိယျနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်စိုင်းနှင့် ဦးစိုင်းလိတ်တို့က သင်တန်းဖွင့်လှစ်၍ လူငယ်များ နိုင်ငံတကာသုံးအင်္ဂလိပ်စာကို တတ်မြောက်အောင် သင်ကြားပေးနိုင်သဖြင့် ဝမ်းမြောက်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများမှ တိုင်းရင်းသားလူငယ်မောင်မယ် ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အမေရိကန်နိုင်ငံသူတစ်ဦးနှင့် ဩစတြေးလျားနိုင်ငံသားတစ်ဦးတို့က နည်းပြအဖြစ် သင်တန်းကာလ တစ်လခွဲကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မြို့ပတ်ဝန်းကျင်သန့်ရှင်းလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ပြီး ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့မ(၁)ရပ်ကွက် ကန်တော်ဦးမင်းလမ်းဘေးဝဲယာရှိ ရေမြောင်းများ ပြန်လည်တူးဖော်ဆယ်ယူခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းနှင့် လမ်းဘေးတစ်လျှောက်ရှိ ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး ခေါင်းဆောင်သော စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ကြစဉ်။**
နေလင်း(ညောင်လေးပင်)

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၁၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၉-၇-၂၀၁၆ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့်တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက် မတိုင်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁/၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## မကွေးတိုင်းဒေသကြီးလမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတားလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာ စတင်ထုတ်ပေးမည့်ရက်** - ၃-၈-၂၀၁၆ ရက်

(ခ) **တင်ဒါအဆိုပြုလွှာ (Technical Proposal) နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန်** - ၁၉-၈-၂၀၁၆ ရက် - ၁၆း၃၀ နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့် နေ့ရက်/အချိန်/နေရာ** - ၂၆-၈-၂၀၁၆ ရက် ၉း၃၀ နာရီ - မြို့တော်ခန်းမ၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## ရေဆင်း၊ နေပြည်တော်
## ပါရဂူနှင့်စိုက်ပျိုးရေးမဟာသိပ္ပံသင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပို့ချမည့်ပါရဂူဘွဲ့ သင်တန်း (Ph.D)နှင့် စိုက်ပျိုးရေးမဟာသိပ္ပံသင်တန်း (M.Agr.Sc.) တက်ရောက်ရန် လျှောက်လွှာများခေါ်ယူအပ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာနများ | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံ ဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၁။ | လယ်ယာသီးနှံပညာဌာန | စိုက်ပျိုးရေး မဟာသိပ္ပံ | B.Agr.Sc. |
| ၂။ | အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့်ဂေဟဗေဒဌာန | | |
| ၃။ | မြေဆီလွှာနှင့်ရေသိပ္ပံပညာဌာန | ပါရဂူ | M.Agr.Sc. |
| ၄။ | အပင်ရောဂါဗေဒဌာန | | |
| ၅။ | ကိုမိုလနှင့်သတ္တဗေဒဌာန | | |
| ၆။ | ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးဇီဝနည်းပညာဌာန | | |
| ၇။ | စိုက်ပျိုးစီးပွားပညာဌာန | | |

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

(ဂ) မဟာသိပ္ပံသင်တန်းကာလမှာ နှစ်နှစ်မှ သုံးနှစ်နှင့် ပါရဂူသင်တန်းကာလမှာ သုံးနှစ်မှလေးနှစ်ဖြစ်ပြီး သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။

(င) စိုက်ပျိုးရေးမဟာသိပ္ပံသင်တန်းအတွက် သတ်မှတ်အရည်အချင်းပြည့်မီပြီး တက်ရောက်လိုသည့်ဘာသာရပ်တွင် အနည်းဆုံး ၆၅မှတ် ရရှိရမည်။

(စ) ပါရဂူသင်တန်းအတွက် စိုက်ပျိုးရေးပညာ အခြေခံဘွဲ့ရရှိထားပြီး ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုမှ စိုက်ပျိုးရေးနှင့်ဆိုင်သည့် မဟာဘွဲ့ရရှိရမည်။

(ဆ) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှစစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ပြုမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံသုံးပုံ၊ အောင်မြင်ကြောင်း ထောက်ခံစာမိတ္တူနှင့် အမှတ်စာရင်းမိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၂၆-၉-၂၀၁၆ရက်မှစ၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ရယူနိုင်ပြီး သတ်မှတ်ပုံစံဖြင့် ၇-၁၀-၂၀၁၆(သောကြာနေ့) ညနေ ၄နာရီနောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။

၅။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | သက်ဆိုင်ရာဘာသာရပ် | ၁၇-၁၀-၂၀၁၆ (တနင်္လာနေ့) | ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၁၈-၁၀-၂၀၁၆ (အင်္ဂါနေ့) | ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ (ပါရဂူအတွက်) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ စာမေးပွဲအောင်မြင်သူများသည် ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်မည့် First Semester မှစ၍ သက်ဆိုင်ရာဘွဲ့လွန်သင်တန်းများကို တက်ရောက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
## (၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ (၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း** - ၂၆-၈-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ (ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

**ဘွဲ့နှင်းသဘင်** - ၂၇-၈-၂၀၁၆ ရက် (စနေနေ့) နံနက် ၉း၀၀နာရီ (ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

၂။ (၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါ စာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-

(က) ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ပါရဂူဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။

(ခ) ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ။

(ဂ) ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ဒီပလိုမာဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။

(ဃ) ၂၀၁၄ ခုနှစ် ဇွန်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ/ဒီဇင်ဘာနှင့် ၂၀၁၅ ခုနှစ် ဇွန်လတို့တွင် နောက်ဆုံး အမ်ဘီဘီအက်စ်အပိုင်း(ခ)သင်တန်း စာမေးပွဲအောင်မြင်ပြီး လျှောက်လွှာပိတ်ရက်တွင် အလုပ်သင်တာဝန်(၁)နှစ် အပြည့်အဝထမ်းဆောင်ပြီးသူများ။

၃။ (က) ဘွဲ့နှင်းသဘင်ကြေးမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**တက်ရောက်ဘွဲ့** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

**မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာဘွဲ့** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

**အဝေးရောက်ဘွဲ့** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

(ခ) **ပြင်ပဆရာဝန်များအတွက် ဘွဲ့နှင်းသဘင်ကြေး** - ၂၅၀၀၀/-(ကျပ်နှစ်သောင်းခွဲတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး၊ကျောင်းသားရေးရာဌာနမှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½လက်မ×၂လက်မ)ဓာတ်ပုံလေးပုံ၊ [အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)ဖြင့်ဓာတ်ပုံဖြစ်ရမည်] ပူးတွဲလျက် (၂၅-၇-၂၀၁၆ မှ ၁၂-၈-၂၀၁၆ ရက်အထိ) တင်သွင်းကြရမည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့်တိုက်ပုံ)/အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (လုံချည်အင်္ကျီ)/တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**(အေးအေးမော်)**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

---

## Open Tender ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃)၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရမည့် သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း-ခန္တီးလမ်းအတွင်းရှိ တံတားများနှင့် အခြားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာများကို ဒုတိယညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၃) ပခုက္ကူတွင် ၃၀-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၂-၂၂၈၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၇-၂၀၁၆ ရက်(ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၆ ရက်(နံနက်၁၁ နာရီ)

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၆ ရက်( ၁၄ နာရီ)

**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၃)၊ ပခုက္ကူမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါလျှပ်စစ်စစ်ဆေးရေးကိရိယာများအား (ကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Tangent Delta Tester | ၁ ခု |
| (ခ) | SF6 Gas Analyzer | ၂ ခု |
| (ဂ) | Watt-hour Meter | ၂ ခု |
| (ဃ) | High Voltage A.C Dielectric Tester | ၁ ခု |
| (င) | Automatic Protective Relay Tester | ၁ ခု |

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်၊ အချိန်** - ၁၁-၇-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ၁၆း၃၀ နာရီထိ

(ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂-၈-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ၁၆း၃၀နာရီထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့၊ ဖုန်း-၀၆၇-၄၀၈၄၀၂၊ ၀၆၇-၄၀၈၄၄၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၃)၊ ဦးပိုင်အမှတ်(၆၄)၊ ၆၀A×၆၁လမ်း၊ ပျူစောထီး×ကျန်စစ်သားကြားရှိ ဦးအတူးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နွဲ့အေး ၉/မရမ(နိုင်)၀၄၀၀၀၀ မှ မြေစလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/9547 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချို
### အသက် (၉၆) နှစ်

ပါမောက္ခဒေါက်တာကျော်မြင့်-ဒေါ်နီလာသော်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ချိုသည် ၁၅-၇-၂၀၁၆ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဦးသက်ထားဝေ
### မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)
### ယခင်ဥက္ကဋ္ဌ(၁၉၈၈-၁၉၉၁)
### အသက်(၈၂)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ ယခင်ဥက္ကဋ္ဌ (၁၉၈၈-၁၉၉၁)ဖြစ်သူ ပါမောက္ခ ဦးသက်ထားဝေသည် ၁၇-၇-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၀၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာသက်ထားဝေ
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာနေ ပါမောက္ခ ဒေါက်တာသက်ထားဝေ ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဂုဏ်ထူးဆောင်ပါမောက္ခ(တပ်မတော်ဆေးတက္ကသိုလ်)သည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဦးသက်ထားဝေ ပါမောက္ခ/ဌာနမှူး(အငြိမ်းစား)
### သွား၊ မျက်နှာ၊ ခံတွင်းနှင့်အစားထိုးပြုပြင်ကုသမှုဆိုင်ရာဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အသက် (၈၂)နှစ်

ဆရာကြီး ပါမောက္ခဦးသက်ထားဝေသည် ၁၇-၇-၂၀၁၆ရက် နံနက် ၁၀း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါရဂူများနှင့်အရာရှိစစ်သည်များ**
**တပ်မှူး၊ ပါရဂူများနှင့်အရာရှိ၊ အရာခံအကြပ်စစ်သည်များ**
**တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာ သက်ထားဝေ
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာနေ ပါမောက္ခ ဒေါက်တာသက်ထားဝေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဂုဏ်ထူးဆောင်ပါမောက္ခ (တပ်မတော်ဆေးတက္ကသိုလ်)သည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**အရာထမ်း၊ အမှုထမ်းမိသားစု**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

မျက်နှာ၊ မေးရိုးနှင့်အစားထိုး ခွဲစိတ်ကုသမှုဌာန၏ အကြံပေး ပုဂ္ဂိုလ်ပါမောက္ခ ဦးသက်ထားဝေ အသက်(၈၂)နှစ်သည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲပါကြောင်း။

**မျက်နှာ၊ မေးရိုးနှင့်အစားထိုးခွဲစိတ်ကုသမှုဌာန**
**တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး**
**(ခုတင်-၅၀၀)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးသက်ထားဝေ
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### သွား၊ မျက်နှာ၊ ခံတွင်းနှင့် အစားထိုးပြုပြင်ကုသမှုဆိုင်ရာဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အသက်(၈၂)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သွား၊ မျက်နှာ၊ ခံတွင်းနှင့် အစားထိုး ပြုပြင်ကုသမှုဆိုင်ရာဌာနမှ ပါမောက္ခ ဦးသက်ထားဝေ(ငြိမ်း)သည် ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးထွန်းလှ၊ ဒေါ်ယုခင်မြင့်**
**(Evergreen Dental Care မိသားစု)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်ရွှေ
### အသက်(၇၈)နှစ်

ဦးသောင်းဝင်း(ဒုအထွေထွေမန်နေဂျာ၊ မြို့တော်ဂေါက်ကွင်း)-ဒေါ်မြင့်မြင့်အေးတို့၏ ဖခင် ဦးချစ်ရွှေ အသက် (၇၈) နှစ်သည် ၁၆-၇-၂၀၁၆ရက် ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ၊ မြို့တော်ဂေါက်ကွင်းနှင့်**
**ဝန်ထမ်းမိသားစုများ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းလှ
### ဌာနမှူး၊ စီမံ-ဘဏ္ဍာ၊ ပခုက္ကူတက္ကသိုလ်(ငြိမ်း)
### အသက်(၇၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ယောရွာနေ (ဦးဖိုးဦး-ဒေါ်စောရင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်ဘ-ဒေါ်မြမီ)တို့၏သားသမက်၊ မန္တလေးမြို့နေ ဦးသောင်း၏ညီ၊ (ဦးသန်းစိန်)၊ (ဦးသန်းခ)၊ ဒေါ်ခင်သန်း၊ ဒေါ်အေးကြည်၊ ဒေါ်အေးညွန့်၊ ဒေါ်လေးမြင့်၊ (ဦးအေးမင်း)၊ (ဦးလူပို)၊ ဒေါက်တာဒေါ်လေးတင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁၆/ဓ) ၅၈၂နေ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာညီညီသင်း၊ ဦးကျော်ဇေယျ၊ ဒေါက်တာခိုင်ခိုင်လင်း၊ ဦးအောင်ဇေယျာဦး၊ ဒေါက်တာခင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၇-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမူဆာ (ဒေးဒရဲ)
### အသက်(၁၀၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ ပြည်တော်သာလမ်း၊ အမှတ် (၃၅/က) နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၁၃ B(မြေညီထပ်)နေ (ဦးအောင်ညွန့်-ဒေါ်ရွှေအိ)တို့၏သား၊(ဒေါ်တင်နု)၏ခင်ပွန်း၊ဦးမျိုးချစ်(မြို့နယ်သ/မဦးစီးဌာန၊ငြိမ်း)-ဒေါ်ခင်သန်းနွဲ့(အထပြ၊ ငြိမ်း)၊ ဒေါက်တာလှဝင်း (တိမ်မွေးကု) - ဒေါ်ခင်ငွေ၊ ဒေါက်တာဒေါ်ခင်ညို (နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၊ငြိမ်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဒေးဒရဲ)၊ ဒေါ်မြလေး၊ ဒေါ်စိန်လေး (စိန်စိန်ဆေးဆိုင်၊ မင်္ဂလာဈေး)တို့၏ ဖခင်၊ ဒေါက်တာအောင်ခင်ချစ်-မကေဇင်ထွန်း၊ကိုသက်နိုင်ထွန်း-မယဉ်မျိုးနွဲ့၊ ကိုအောင်ကျော်မျိုးတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၇-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၆ရက်(တနင်္လာနေ့)နံနက်တွင် ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၁၃ B(မြေညီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်း အသက်(၈၅)နှစ်
### (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကွင်းပေါက်ကြီးကျေးရွာနေ (ဦးစိန်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးခွေး-ဒေါ်အေးသိန်း)တို့၏သားသမက်၊ ဦးအေးဟန်-ဒေါ်တင်တင်ဦး၊ ဦးဇဝန(ခ)ဦးစိုးအေး-ဒေါ်မြင့်မြင့်ကြည်တို့၏ ဖခင်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိရပ်ကွက်၊ တိုက် ၁၃၇၂၊ အခန်း ၁၁နေ ဦးမင်းမင်း Minami Kanko Kaisha Co.,Ltd ခရီးသွားလုပ်ငန်းနှင့် လေယာဉ်လက်မှတ် ဝန်ဆောင်မှုကုမ္ပဏီ - ဒေါ်ဇင်မာမာဦး (ဥတ္တရသီရိခရိုင်၊ သာသနာရေးမှူးရုံး)၊ ဦးချစ်ကိုကိုဦး၊ ဦးမင်းကိုကိုဦး Minami Kanko Kaisha Co.,Ltd-ဒေါ်အိအိဖြူ(အထက-၁၄၊ လှိုင်သာယာ)၊ ဦးဟန်ကိုကိုဦး(ခ)ဦးစန်းကို Minami Kanko Kaisha Co.,Ltd-ဒေါ်စန္ဒာအေး၊ ဦးရဲလင်းမောင်၊ ဦးနေလင်းစိုး၊ ဒေါ်သက်သက်ခိုင်တို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏အဘေး၊ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၇-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် ၁၃၇၂၊ အခန်း ၁၁၊ ခနသိဒ္ဓိရပ်ကွက်၊ နေပြည်တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ပြုံး
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၃နေ (ဦးထွန်းစိန်-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးအောင်ဘုံ-ဒေါ်မိစိန်)တို့၏ချွေးမ၊ (ဦးထွန်းမောင်)လုပ်သားပြည်သူ့နေ့စဉ်၏ဇနီး၊ ဦးကြည်ဝင်း-(ဒေါ်ခင်မာကြည်)၊ ဦးသန်းနိုင်-ဒေါ်ခင်မာလေး၊ ဦးတင်စိုး(မြန်မာ့အလင်းသတင်းစာတိုက်)-ဒေါ်လှလှအေး၊ ဦးစည်သူမြင့်ဆွေ-ဒေါ်သီတာပြုံး၊ ဒေါ်အေးအေးထွန်း၊ (ဒေါ်ခင်မာမာထွန်း)၊ ဒေါ်ယဉ်ယဉ်ထွန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖေထွန်း
### (တောင်ကြီးအသင်းသား)
### S.A.E (လျှပ်စစ်၊ ငြိမ်း)
### အသက်(၇၇)နှစ်

(ဦးထွန်းနွယ်-ဒေါ်လှရင်)တို့၏သား၊ (ဦးလီမုကြူ-ဒေါ်ထားခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်း၊ (ဦးဖေသန်း)-ဒေါ်ခင်သန်း၊ ဒေါ်ခင်မေသန်း၊ ဦးဖေသိန်း-(ဒေါ်ခင်မျိုးကြူ)၊ ဦးဖေစိုး-ဒေါ်မြင့်မြင့်နွယ်တို့၏ညီ/မောင်၊ ဦးလှသိန်း - ဒေါ်ခင်မေသိန်းတို့၏ အစ်ကို၊ နန်းဝင်းပပထွန်း၊ ဒေါက်တာနန်းဝတ်ရည်ထွန်း၊ မောင်မောင်ချစ်-နန်းကေခိုင်ထွန်းတို့၏ဖခင်သည် ၁၈-၇-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘဟိန်(ခ)ဦးပါ
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဘူတာရုံလမ်း၊ တိုက် ၁၂၊ အခန်း D-2၊ အေးရိပ်မွန် ၃လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးလှိုင်ထိန်-ဒေါ်အေးမေ)တို့၏သား၊(ဦးအောင်သိန်း-ဒေါ်အေးခင်)တို့၏ သားသမက်၊ တိုက် ၂၀၊ G-3 မဟာမြိုင်အိမ်ရာနေ ဒေါ်စန်းစန်းမြင့်၊ ဦးကျော်သန်းဆွေ-ဒေါ်နီလာ(HNL -ကုမ္ပဏီ)၊ကိုဝင်းဇော်-မဖြူစင် (သိမ်ဇရပ် နယ်မြေရဲစခန်း)၊ ကိုအောင်နိုင်-မမြတ်မွန်၊ ကိုသူရအောင်-မသစ်သစ်၊ကိုကျော်ကျော်ဝင်း-မရွှေစင်၊ ကိုဇေယျာ-မသန်းသန်းတင့်တို့၏ဖခင်၊ မသက်သက်လင်း(ဆင်နှစ်ကောင်ကုမ္ပဏီ)၊ မမိုးမိုးထွန်း (M.K ကုမ္ပဏီ)၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်သန်းခင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၇-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၆း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါ ဘူတာရုံလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်ထွေး
### (ပြည်တွင်းရေကြောင်း၊ ငြိမ်း)
### အသက်(၇၇)နှစ်

သထုံမြို့၊ ရွာဦးရပ်နေ (ဦးချို-ဒေါ်လှရင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၉လမ်း၊ အမှတ် ၉၀၈နေ ဒေါ်ညွန့်ခင်၏ ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်မေဖြိုးဖြိုးဇော်၊ ဒေါ်သူဇာဝင်း (အင်္ဂလိပ်စာဌာန၊ ဆေးတက္ကသိုလ်-၁)၊ ဦးအောင်ချိုသက် (CE-Venus Marine)-ဒေါ်အေးအေးမိုး၊ ဦးခင်မောင်ဇော်-ဒေါ်ဥမ္မာအောင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၉-၇-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွက် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နွဲ့
### ဒေသန္တရကျန်းမာရေးဌာန(ငြိမ်း)
### အမ်း၊ စစ်တွေ
### အသက်(၇၆)နှစ်

အမ်းမြို့နေ(ဦးစံမြင့်-ဒေါ်မဲ့နီ)တို့၏ သမီး၊ စစ်တွေမြို့နေ(ဦးစောလှအောင်-ဒေါ်မသာဖြူ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၁၉/၃(B)နေ ဦးစောရွှေ၏ဇနီး၊ ဦးသန်းနု-ဒေါ်နွဲ့နွဲ့ရွှေ၊ ဦးမင်းဇေယျာ-ဒေါက်တာနွဲ့နွဲ့ဝင်း၊ ဦးစောတင် - ဒေါ်မီမီရွှေ၊ ဦးမောင်မောင်သန်းတို့၏မိခင်၊ မောင်ထက်နိုင်၊မောင်ဉာဏ်ဝင့်ထက်၊ မခေတ်ဆုပိုင်တို့၏အဘောင်ရှင်သည် ၁၈-၇-၂၀၁၆ရက်(တနင်္လာနေ့)ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း
### ကုန်သွယ်/လယ်ယာ
### ကုန်သွယ်/စားထွေ(ငြိမ်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် ၂၈၁၊ တောင်ထိပ်ပန်းလမ်းနေ ဦးငွေခိုင်-ဒေါ်အေးကြင်တို့၏သား၊ ဒေါ်လှလှမော်၏ခင်ပွန်း၊ ဦးအောင်အောင်ဝင်း-ဒေါ်ယင်းမာမြင့်၊ ဦးရဲနောင်ဝင်း၊ ဦးထွန်းနိုင်ဝင်း၊ ဒေါ်ကေခိုင်မော်တို့၏ဖခင်၊မောင်သီဟ၏အဘိုးသည် ၁၉-၇-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ထီ
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၃၅၆၊ ပုဂံလမ်းနေ ဦးအောင်တင်၏ဇနီး၊ ဆားလင်းကြီးမြို့နယ်၊ စပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီစီမံကိန်း၊ မိုင်းလုပ်သားမြို့နေ ဦးသိန်းဆွေဦး (လက်ထောက် အထွေထွေမန်နေဂျာ) မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် - ဗိုလ်ကြီး ဒေါ်သီသီမော် (အမှတ်-၆၊ စစ်မြေပြင်ဆေးတပ်ရင်း)၊ အမှတ်(၁)ပင်မ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်နေ တပ်ကြပ်ကြီး မင်းဇော်ဦး-ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၁၆ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက် ညနေ ၃နာရီတွင် ဆားလင်းကြီးမြို့နယ် ဝါးတန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်အစ္စရေးနားအင်ဂန်ဂျာလောဒ်
### အသက်(၉၉)နှစ်

ယခင် ဆွမ်ပရာဘွမ်မြို့နယ်၊ အင်ဂန်ဂါးပင်စီးဘွမ်တွင်နေ (ဒူဝါအင်ဂန်ဘန်ထောင်-ဒူဂျန်ဂလောင်ရွှယ်ဂျား)တို့၏သမီး၊ (ဦးအင်ဂေါင်ဇော်ဖန်း-ဒေါ်လာဘရမ်ခေါန်ဂျာ)၊ ဒေါ်အင်ဂေါင်နန်ရှန်-ဦးလနော်နော်ဂျာ၊ ဒေါ်အင်ဂေါင်ဂျာရိန်-ဦးမောင်ဇော်၊ ဒေါ်အင်ဂေါင်ရွှယ်ဂျား-ဦးတင်မြင့်(အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးအင်ဂေါင်ယောဟန်လဆိုင်း-ဒေါ်အယ်လီဇဘတ်အေးနုတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ ဦးအင်ဂေါင်လဖရီ၏ချစ်လှစွာသောဇနီးသည် ၁၈-၇-၂၀၁၆ရက် နံနက် ၉း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး တနိုင်းမြို့၊ ကက်သလစ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချို
### စံချိုစက္ကူဆိုင်
### အသက်(၉၆)နှစ်

ပါမောက္ခ ဒေါက်တာကျော်မြင့် - ဒေါ်နီလာသော်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ချို အသက်(၉၆)နှစ်သည် ၁၅-၇-၂၀၁၆ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင်
### တိုင်းသာသနာရေးဦးစီးမှူး(အငြိမ်းစား)
### စာရေးဆရာ မောင်သိင်္ဂီ(ရွှေဘို)
### စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာ
### မြတ်ပါရမီသာသနာရေး
### ပညာရေးနှင့်ကျန်းမာရေးထောက်ပံ့ကူညီမှုအဖွဲ့ နာယက
### အသက်(၈၈)နှစ်

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာနေ (ဦးစံထ-ဒေါ်ရွှေဖွဲ့)တို့၏ သား၊ ဒေါ်ပေါ်မေ၏မောင်၊ မန္တလေးမြို့၊ ကန်တော်ကြီးနေ ဒေါ်နန်းရွှေရွှေ၏ ခင်ပွန်း၊ ဦးမျိုးဝင်း-ဒေါက်တာစိုးမိုးအောင်(မန္တလေး ပညာရေးကောလိပ်)၊ ဦးအောင်ဇော်ဝင်း-ဒေါ်အေးမင်းသင်း (စီမံကိန်းရေးဆွဲရေး၊ နေပြည်တော်)၊ ဦးဇော်ထွန်းအောင်-ဒေါ်မူမူ၊ ဦးဝေလင်းထွန်း-ဒေါ်မီမီဦးခင်(ပြည်)၊ ဗိုလ်ကြီး စိုးလင်းအောင်-ဒေါ်ဝေဝေထွန်း (ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)တို့၏ ဖခင်ကြီးသည် ၁၉-၇-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၂/A၊ ၃၂လမ်း၊ ၆၅×၆၆ ကြားနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်ရွှေ
### (သတင်းထောက်ညွန့်ရွှေ-ရမည်းသင်း)
### ဥက္ကဋ္ဌ
### မြို့နယ်စာရေးဆရာအသင်း၊ ရမည်းသင်းမြို့
### အသက်(၇၉)နှစ်

ရမည်းသင်းမြို့၊ညောင်ပင်ရပ်နေ(ဆရာကြီး ဦးထူး-ဆရာမကြီး ဒေါ်အေးရင်)တို့၏သား၊ (ဦးစံမြ-ဒေါ်တင်နု)တို့၏သားသမက်၊ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ကိုသက်နိုင်ဦး-မရီရီမြင့်၊ ကိုမျိုးသန့်-မဥမ္မာခင်၊ ကိုကိုမြတ်-မသန်းသန်းအေး၊ ကိုသန်းထိုက်-မနီလာငွေ၊ (ကိုလှဖုန်း)-မသူသူစိုး၊ ကိုရန်အောင်မောင်မောင်-မကေသီဦးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၃း၃၀နာရီတွင် ရမည်းသင်းမြို့၊ မြို့မသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနိုင်ဦး
### တွဲဖက်တိုင်းတရားသူကြီး(ငြိမ်း)၊ အောင်ဆန်း(၇)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြ ၄လမ်း၊ အမှတ် ၂၂၉နေ (ဦးလှ-ဒေါ်လှရီ)(ဒေါ်သောင်းမြင့်)တို့၏သား၊ ဒေါ်ခင်ငွေး(အလယ်တန်းပြဆရာမ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသက်နိုင်)-ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ (ကိုအောင်ဇော်ဦး)-မနှင်းဝေဝေနိုင်၊ မစိမ်းစန္ဒာဦး၊ ကိုကျော်စွာဆွေ-မမြသန္တာဦးတို့၏ဖခင်သည် ၁၈-၇-၂၀၁၆ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းမြင့် အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ တိုက် (၂၆/ခ)နေ [ဦးသန်းခင်(ခ)ဦးပန်းခင်]-ဒေါ်တင်တင်တို့၏သားကြီး၊ ဦးစိုးမြင့်(လ/ထညွှန်ကြားရေးမှူး၊ သတင်း၊ MRTV)၊ ဒေါ်ဝင်းဝင်းသိန်း [ရုပ်သံကျွမ်းကျင်(၂) MRTV]၊ ဦးစိုးကြည်(R/O,LEO MV NAN HTIKE GYI MC Shipping Co.,Ltd)-ဒေါ်သီတာမြင့်၊ ဒေါ်မြင့်မြင့်ခိုင်(ကထိက၊ ရှေး/သုပညာဌာန၊ ရတနာပုံတက္ကသိုလ်)တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ တူ၊တူမ လေးယောက်တို့၏ဘကြီး၊ မြေးတစ်ယောက်၏ဘိုးဘိုးကြီးသည် ၁၉-၇-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြု





**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေသည်။

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန်နားနေဆောင်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❀

**ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ကွာတားပွဲများ ယနေ့ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ဒုတိယနေ့) ပွဲစဉ်များကို ဇူလိုင် ၂၀ရက် (ယနေ့) တွင် ကျင်းပမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ဒုတိယနေ့အဖြစ် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယနေ့ကစားမည့် အသင်းများမှာ ရှုံး/ထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ဖူးခြင်းမရှိသေးဘဲ မကွေးနှင့် ရခိုင်အသင်းတို့သာ ၂၀၁၅ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ဖူးကြောင်း သိရသည်။ မကွေးအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ရလဒ်ကောင်းများရရှိထားသည့်

*စာမျက်နှာ ၁၄ ကော်လံ ၂* ✱

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)


